# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 October 2025 ၁၁၉၆၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်

နေပြည်တော် အောက်တိုဘာ ၇

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫


### ယနေ့ ဖတ်စရာ


**အနောက်တောင်မုတ်သုံလေ ဆုတ်ခွာပြီး မိုးလွန်ကာလ ကြုံတွေ့ရလေ့ရှိသော ရာသီဥတု အခြေအနေများ**

ဆောင်းပါး စာမျက်နှာ » ၁၀

**မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း(ဗဟို) နှစ်ပတ်လည် အထွေထွေ အစည်းအဝေး (၂၀၂၅) နှင့် အသင်းသားစုံညီ အစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၁၂

**ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ**

စာမျက်နှာ » ၁၅

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ လူထုအသိပညာပေး "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" ဆိုင်းဘုတ်စိုက်ထူပွဲများကျင်းပ**

စာမျက်နှာ » ၂၀

ကြေးမုံ

# ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက် အမျိုးသားရေးအားမာန်များမြှင့်တင်

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်ရေး၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အနာဂတ်အတွက် အားကိုးအားထားပြုရမည့် မျိုးဆက်သစ်လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံရေး၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော်နိုင်ရေး စသည်တို့ကို ပြည်သူများနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရည်မှန်းချက်လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံသူ နိုင်ငံသားအားလုံး အမျိုးသားရေးအားမာန်များ မြင့်မားခိုင်ကျည်နေစေရန် လိုအပ်သည်။ အမျိုးသားရေးစွမ်းပကားများ၊ ကိုယ်ခံအားများ အားကောင်းနေစေရန်အတွက် မြန်မာတို့၏ အစဉ်အလာကြီးမားသော အမျိုးသားရေးစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုအစဉ်အလာများ ရှင်သန်ထွန်းကားနေစေရန်လိုအပ်သည်။ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို မထိန်းသိမ်းမစောင့်ရှောက်နိုင်ပါက နိုင်ငံနှင့်လူမျိုး တဖြည်းဖြည်းပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်ရှိသည်။ ရိုးရာယဉ်ကျေးမှုများ မှေးမှိန်ပျောက်ကွယ်သွားလျှင် နိုင်ငံတကာက မိမိနိုင်ငံအပေါ် အထင်ကြီးလေးစားမှုများ လျော့နည်းသွားပြီး အမျိုးသားရေးအားမာန်များပါ ထိခိုက်နိုင်သည်။

ထို့ကြောင့် ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ရန် အားလုံးတွင် တာဝန်ရှိသည်။ ဘိုးဘွားအမွေအနှစ်များဖြစ်သည့် မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းသယ်ဆောင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင်အောင် တည်တံ့ခိုင်မြဲနေခြင်းမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသော မျိုးဆက်သစ်လူငယ်များ၏ စွမ်းပကားများကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ အနုသုခုမပညာရပ်များ မည်သို့ပင် ကွဲပြားခြားနားကြသည်ဖြစ်စေ တစုတစည်းတည်း တူညီစွာပါဝင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် အမျိုးသားရေးကိုယ်ခံစွမ်းအားများ လျော့နည်းကျဆင်းသွားစေရန်၊ တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန် ပြည်တွင်း၊ ပြည်ပက နည်းအမျိုးမျိုးအဖုံဖုံ ကြံစည်အားထုတ်လျက်ရှိရာတွင် တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများကို အထင်ကြီးပြီး ကိုယ်ပိုင်ယဉ်ကျေးမှု အမျိုးသားရေးစရိုက်လက္ခဏာများကို အထင်သေးစိတ်များဖြစ်လာစေရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။ ခေတ်မီနည်းပညာများ ဖြစ်ထွန်းလာမှုနှင့်အတူ ယင်းတို့ကို အသုံးချ၍ မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများသည် နိုင်ငံနှင့် လူမျိုးအတွက် အရေးကြီးသော စွမ်းပကားများဖြစ်၍ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။

ယနေ့ကျင်းပပြုလုပ်နေပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် မြန်မာတို့၏ အားမာန်များကို နိုးကြားတက်ကြွရှင်သန်စေသည့် အမျိုးသားရေးလက္ခဏာများဖြစ်သည်။ အဆိုပါအမျိုးသားရေးစရိုက်လက္ခဏာများကို မြန်မာ့ယဉ်ကျေးမှုအား မြတ်နိုးတန်ဖိုးထားသည့် မျိုးဆက်သစ်အနုသုခုမရှင်များနှင့် အားကြိုးမာန်တက် ထုတ်ဖော်ပြသလျက်ရှိသလို မြန်မာ့ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်လာကြသော ပညာရှင်များက အားပေးမြှင့်တင်ပေးလျက်ရှိသည်။ ပြိုင်ပွဲဝင်များအားလုံးသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် အကောင်းဆုံးယှဉ်ပြိုင်ခဲ့ကြပြီးနောက် ယခု နိုင်ငံတော်ဗဟိုအဆင့်တွင် ဂုဏ်ယူဝင့်ကြွားဖွယ် ယှဉ်ပြိုင်နေကြပြီဖြစ်သည်။

တစ်နည်းဆိုလျှင် ပြည်ထောင်စုတစ်ဝန်းမှ အနုသုခုမပညာရပ်ဆိုင်ရာ လက်ရွေးစင်များ ပေါ်ထွန်းလာပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းမှ ပေါင်းစုပေါ်ထွန်းလာသော အနုပညာစွမ်းပကားဖြင့် ဂုဏ်ယူဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုကို ရှင်သန်ထွန်းကားလာအောင် ဆောင်ကြဉ်းပေးနေကြသည်။ ပြိုင်ပွဲဝင်များသည် အနုပညာဘာသာရပ်အလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ လေ့ကျင့်ခဲ့ကြပြီး အုပ်ချုပ်သူနည်းပြများနှင့်အတူ တစ်ဦးချင်းပြိုင်ပွဲတွင်ဖြစ်စေ၊ အဖွဲ့လိုက်ပြိုင်ပွဲတွင်ဖြစ်စေ အစွမ်းကုန်ယှဉ်ပြိုင်မည်ဆိုသည့် ရည်မှန်းချက်ထားကာ အားမာန်အပြည့်ဖြင့် ထုတ်ဖော်ပြသနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်၊ ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးသည့် စိတ်ဓာတ်များဖြင့် အစဉ်အလာကြီးမားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် အစွမ်းကုန်ထုတ်ဖော်ပြသယှဉ်ပြိုင်ကြပြီး ဂုဏ်ယူဝင့်ကြွားခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်အစွန့်ရှည်တည်တံ့ခိုင်မြဲနိုင်စေအောင် အနုပညာစွမ်းပကားများဖြင့် တစ်တပ်တစ်အား ဆောင်ကြဉ်းပေးနေပြီဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

**၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊**

**၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊**

**၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊**

**၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေး ရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့် နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ် အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၇

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ၇ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ် ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို စတင်ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အဖွင့်တေးကဗျာ”သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

- ☆ **နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှု အဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျ**
- ☆ **မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက "အဖွင့်တေးကဗျာ" သီချင်းဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ခေတ်အဆက်ဆက်မြန်မာဘိုးဘွားတို့၏ တီထွင်ကြိုးပမ်းအားထုတ်မှုနှင့် အစဉ်အလာကောင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက်တွင် မိမိတို့တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများဖြင့် ကမ္ဘာ့အလယ်တွင် ထူးထူးခြားခြား ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ကြကြောင်း။

**ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသ**

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှု အဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက် ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့် အချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် ပြသနေခြင်းပင်ဖြစ်ကြောင်း။

မျက်မှောက်ခေတ် တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏ မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့် ကျေးဇူးများကြောင့်ပင်ဖြစ်ကြောင်း၊ ရှေးအစဉ်အလာကောင်းများကို အတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့အမွေခံ မျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် သီးခြား ဂုဏ်ရည်၊ သီးသန့်မူဟန်များဖြင့် ဖြစ်ထွန်းနေခြင်း ရှိသကဲ့သို့ အဆိုနှင့်အက၊ အကနှင့်အတီး၊ အတီးနှင့်အဆို၊ အဆိုနှင့်အရေး ပညာရပ်များသည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပြီး အပြန်အလှန်ထိန်းကွပ်မှု၊ အပြန်အလှန်ပံ့ပိုးမှုများဖြင့် တင့်တင့်တယ်တယ် ဆက်စပ် ဖြစ်ထွန်းနေသည်ကိုလည်း တွေ့နိုင်မည်ဖြစ်ကြောင်း။

ယခု(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်အနုပညာရှင်များသည်လည်း မိမိတို့၏ အနုပညာစွမ်းရည်များကို အားပေးကြည့်ရှုအကဲဖြတ်နေကြသူများနှင့် ပရိသတ်များအတွက် စိတ်ကျေနပ်အားရဖွယ်ဖြစ်အောင် ပေးစွမ်းနိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ ယခုပြိုင်ပွဲကြီးသည် ယှဉ်ပြိုင်မှုသာမက ပြည်နယ်နှင့်တိုင်းဒေသကြီး အနှံ့အပြားတွင် နေထိုင်ကြသည့် ပြည်ထောင်စုသွေးချင်းများ ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းနိုင်မှု၊ မိတ်ကောင်းဆွေကောင်းများ တိုးတက်ရရှိမှု၊ ယဉ်ကျေးမှု အနုပညာအသီးသီးကို နှီးနှောဖလှယ် မျှဝေနိုင်မှုစသည့် အကျိုးရလဒ်များမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်မည်လည်းဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့အား တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ကြိုဆိုကြစဉ်။

**❖ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်**

**❖ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်**

☆ စာမျက်နှာ ၄ မှ

ထို့ကြောင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ထပ်ဆင့်မြှင့်တင်နိုင်စေရန်နှင့် ယခုကျင်းပသည့် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူများ၊ ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် အနုပညာမြတ်နိုးသူပရိသတ်များအားလုံးက တူညီသည့် စိတ်ထားနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမေတ္တာရပ်ခံလိုကြောင်း။

တာဝန်ရှိသူများနှင့် အနုပညာရှင်များကို တိုက်တွန်းပြောကြားလိုသည်မှာ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရ နိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေး စိတ်ဓာတ်ကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ ယခုကျင်းပမည့်(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပရသည့် ဦးတည်ချက် (၄)ရပ်နှင့်အညီ အောင်မြင်အောင် ကြိုးစားဆောင်ရွက်ပြီး ယဉ်ကျေးမှုအမွေမျှဝေပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရှင်းလင်းတင်ပြစဉ်။

ထို့နောက် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက် ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသား ယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ် လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ရေး စသည့်ဦးတည်ချက် (၄) ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်း အဆိုပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **သာဆန်းရဂုံဘွေ(ပတ်ပျိုး) သီချင်း**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **ဇမ္ဗူရောင်ကွန့်(ဘွဲ့) သီချင်း**ဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။



၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အဆိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တာဝန်ရှိသူများကြည့်ရှုအားပေးစဉ်။

**“ခေတ်ဟောင်း/ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲ**ကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ **အနန္တငါးဖြာ သီချင်း**ဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း သီချင်း**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **ဒိုးကလေးသီချင်း**ဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **အကပြိုင်ပွဲ**ကို ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊

**စာမျက်နှာ ၆ သို့ ✪**




၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အရေးပြိုင်ပွဲ ကျင်းပစဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) (အမျိုးသား) တယောပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်အာကာမင်း ယှဉ်ပြိုင်စဉ်။

✪ စာမျက်နှာ ၅ မှ

မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အခြေခံပညာ အဆင့် (အသက်၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

ထို့အတူ **အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"လူချွန်လူကောင်းတို့ဂုဏ်ရည်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ **အခြေခံပညာ (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား/အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"ကျောင်းနေစဉ်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

အလားတူ **တယောအတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **ဝေဘာဂီရိ(ကြိုး)**



အဆင့်မြင့်ပညာအဆင့် မဟာဂီတ(အမျိုးသား)အဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်နန္ဒအောင် ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

**သီချင်း**ဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **တိမ်တမန်(ကာလပေါ်)** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **မဟာဇနက (ခေတ်ဟောင်းကာလပေါ်)**သီချင်းဖြင့် လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)"**သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မြန်မြေနယ်ဇမ္ဗူပါ(မြင်းခင်း)"** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲများက **"မြန်မြေနယ်ဇမ္ဗူပါ(မြင်းခင်း)"**သီချင်းဖြင့် လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ထိုသို့ သတ်မှတ်နေရာများအလိုက် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှု အားပေးကြသည်။

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် အခြေခံပညာ (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာ(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အဆင့်မြင့်ပညာအဆင့်ဟူ၍ အဆင့်(၃)ဆင့်တို့တွင် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၀၇ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ်အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) တယောအတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး) အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြင်ကွင်း

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အခြေခံပညာ(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၊ အခြေခံပညာ(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အဆင့်မြင့်ပညာ အဆင့်ဟူ၍ အဆင့်(၃) ဆင့်တို့တွင် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။




အရေးပြိုင်ပွဲကျင်းပစဉ်။



အဆင့်မြင့်ပညာအဆင့် မဟာဂီတ (အမျိုးသား)အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသား)အက ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅) (အမျိုးသမီး) တယော အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းအတီး ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသမီး)အက ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀) (အမျိုးသား)အက ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင် တစ်ဦးယှဉ်ပြိုင်စဉ်။



(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ လာရောက် ကြည့်ရှုကြသူများကို တွေ့ရစဉ်။

# မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ မပျောက်ပျက်စေရေးရည်ရွယ်ပြီး ကျင်းပတဲ့ပွဲဖြစ်တာကြောင့် ဂုဏ်ယူလို့မဆုံးဖြစ်မိပါတယ်

ကိုအောင်သူ

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ပထမနေ့အဖြစ် ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင် တာဝန်ယူကြရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နည်းပြများနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်-


ကိုအောင်သူ


မောင်ဆိုင်းဖိုးချစ်(ခ) နိုင်ပြည့်အောင်


မောင်ပြည့်ဖုန်းသွင်


မမြတ်နိုးကျော်


မောင်မင်းထော်ရွှတ်ပိုင်


မငွေစင်ကြယ်


မကြည်ကြည်သာ


မယွန်းလဲ့လဲ့မှီ


မောင်အောင်ဘိုဘို

**ကိုအောင်သူ**
**ဆိုင်းနည်းပြ (ကရင်ပြည်နယ်)**

ကရင်ပြည်နယ် ကိုယ်စားပြု ဆိုင်းနည်းပြအနေနဲ့ ဒီပွဲကြီးမှာ ပါဝင်ဖြစ်တာပါ။ အသက် (၁၀-၁၅)နဲ့ (၁၅-၂၀)ကို တာဝန်ယူထားတာဖြစ်ပါတယ်။ လက်ရှိမှာ ပြည်နယ်ကိုယ်စားပြုအနေနဲ့ ၁၀ ယောက် ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပြင်ဆင်ချိန် တစ်လလောက် အတောအတွင်းမှာ ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ ဆို၊ က၊ ရေး၊ တီး အတွေ့အကြုံကတော့ အတော်များပါပြီ။ ဒါက သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဆုတံဆိပ်ကတော့ မရရှိသေးပါဘူး။ ဒီနှစ်မှာတော့ ဆွတ်ခူးနိုင်မယ်လို့ ရည်မှန်းထားပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ မပျောက်ပျက်စေရေး ရည်ရွယ်ပြီး ကျင်းပတဲ့ပွဲဖြစ်တာကြောင့် ဂုဏ်ယူလို့မဆုံးဖြစ်မိပါတယ်။ ဒီလိုမျိုးပွဲတွေ ပြုလုပ်ပေးလို့လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

**မောင်ဆိုင်းဖိုးချစ်(ခ)**
**နိုင်ပြည့်အောင်**
**အသက်(အသက် ၁၀-၁၅)**
**ဆိုင်းတစ်ဦးချင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

စိမ်းလဲ့လဲ့ညိုပြာ(ကြိုး) သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ချောချောမွေ့မွေ့နဲ့ ယှဉ်ပြိုင်နိုင်ခဲ့လို့ ကျေနပ်အားရမှုရှိပါတယ်။ သုံးပုဒ်ရွေးချယ်လေ့ကျင့်ထားပြီးတော့ မဲနှိုက်ပြီး ကျရာသီချင်းနဲ့ ယှဉ်ပြိုင်ရတာပါ။ ကိုယ်ပိုင်နိုင်တဲ့ သီချင်းတွေဖြစ်လို့ အခက်အခဲမရှိပါဘူး။ အရင်နှစ်က ပတ္တလား (၁၀-၁၅) ဝင်ပြိုင်ခဲ့ပြီးတော့ ဒုတိယရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ (၁၀-၁၅)တန်းမှာ ဆိုင်းတစ်ဦးချင်းရယ်၊ ပတ္တလားရယ်၊ အဖွဲ့လိုက်ရယ် ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ လူငယ်တွေအတွက် ပညာလည်းရတယ်၊ အတွေ့အကြုံလည်းရတဲ့အတွက် ဒီလိုပြိုင်ပွဲမျိုးတွေ ကျင်းပပေးတာဟာ အင်မတန်မှ ကောင်းမွန်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် တကယ်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။

**မောင်ပြည့်ဖုန်းသွင်**
**အခြေခံပညာ(၁၀-၁၅)**
**ဆိုင်းတစ်ဦးချင်း(ရှမ်းပြည်နယ်)**

သေချာပိုင်ပိုင်နိုင်နိုင် လေ့ကျင့်ထားတဲ့အတွက် ယှဉ်ပြိုင်ရတဲ့အခါမှာတော့ အခက်အခဲသိပ်မရှိပါဘူး။ အကောင်းဆုံး ယှဉ်ပြိုင်ခဲ့တဲ့အတွက်ကြောင့်လည်း ဆုတံဆိပ်ရရှိဖို့ မျှော်မှန်းထားပါတယ်။ လေ့ကျင့် ပြင်ဆင်ချိန်ကတော့ တစ်လလောက်တော့ ရခဲ့ပါတယ်။ နောက်ထပ်လည်း ပြိုင်ပွဲတွေ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက်လည်း နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။

**မမြတ်နိုးကျော်**
**အဆင့်မြင့်ပညာ(အမျိုးသမီး)**
**အက(ဧရာဝတီတိုင်းဒေသကြီး)**

တစ်ခါမှ မပြိုင်ဖူးပါဘူး။ ဒီနှစ်မှာ ပထမဦးဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲမှာ ပထမဆုရခဲ့လို့ အခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းဖြစ်ပါတယ်။ အကကတော့ ငယ်ငယ်ကတည်းက ဝါသနာပါတာပါ။ နောက်ပိုင်းမှပဲ ကဖြစ်တာပါ။ ကျောင်းစုံညီပွဲတော်တွေဘာတွေမှာတော့ ကဖြစ်ပါတယ်။ အဲဒီကနေမှ အကကို နည်းပြသဘောမျိုးနဲ့ ပြန်လည်သင်ကြားပေးဖြစ်ပါတယ်။ ပြိုင်ပွဲဆိုတာမျိုးကတော့ ခုမှပဲ စပြိုင်ဖြစ်တာပါ။ ခုလိုမျိုး ပြိုင်ခွင့်ရတဲ့အတွက် အများကြီးဝမ်းသာမိသလို စိတ်လည်း တော်တော်လှုပ်ရှားရပါတယ်။ နှစ်တိုင်းပြိုင်သွားဖို့ အစီအစဉ်ရှိပါတယ်။

**မောင်သူရိန်ဇော်**
**အခြေခံပညာ(၁၅-၂၀)**
**အမျိုးသား အက**
**(တနင်္သာရီတိုင်းဒေသကြီး)**

ဒါက ကျွန်တော့်ရဲ့ ပထမဦးဆုံး ပြိုင်ပွဲ ဖြစ်ပါတယ်။ အခုလိုမျိုး ယှဉ်ပြိုင်ခဲ့ရတဲ့ အတွက်လည်း အားရကျေနပ်မှု ရှိပါတယ်။ ကျွန်တော်ကတော့ ကျောင်းပိတ်ပြီး မေလလောက်ကတည်းက စတင်လေ့ကျင့်ခဲ့တာပါ။ ကျွန်တော့်ရဲ့ ပထမဦးဆုံးပြိုင်ပွဲဖြစ်လို့ အရမ်းလည်း ကြည်နူးမိသလို အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ဝမ်းသာကျေနပ်မှုလည်း ရှိပါတယ်။

**မောင်မင်းထော်ရွှတ်ပိုင်**
**အခြေခံပညာ(၁၀-၁၅)**
**အမျိုးသား အက(ချင်းပြည်နယ်)**

အရင်နှစ်တုန်းက (၁၀-၁၅)မှာ ဝင်ပြိုင်ခဲ့ပါတယ်။ တတိယဆု ရရှိခဲ့ပါတယ်။ အခုက ဒုတိယအကြိမ်မြောက် ဝင်ပြိုင်ခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဝင်ပြိုင်ပြီးတဲ့နောက်မှာ ကျောင်းကပွဲတွေ၊ ရှင်ပြုအလှူပွဲမျိုးတွေ၊ ဘုရားပွဲတွေမှာ လိုက်ကဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း အနုပညာနဲ့ ပတ်သက်လို့ အများကြီး ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ ဆက်ပြီးလည်း ကြိုးစားသွားမှာပါ။ အခုလိုမျိုး ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရတဲ့အတွက်လည်း အများကြီးဝမ်းသာ ပီတိဖြစ်မိပါတယ်။ အခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပြိုင်ပွဲဝင်တွေနဲ့ တွေ့ဆုံရတဲ့အတွက်ကြောင့်လည်း ပိုမိုရင်းနှီးချစ်ကြည်မှုတွေ တိုးရတာပေါ့ဗျာ။

**မငွေစင်ကြယ်**
**အဆင့်မြင့်ပညာ၊ အမျိုးသမီး အက**
**(ရခိုင်ပြည်နယ်)**

ဒီပြိုင်ပွဲ ယှဉ်ပြိုင်တာက ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ အရင်တုန်းကလည်း အဆိုရော၊ အကရော ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ အကကိုပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အဆိုက ဗဟိုအဆင့်မှာ ဒုတိယနဲ့ နှစ်သိမ့်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဆုတံဆိပ်တွေရရှိဖို့ အားခဲထားပါတယ်။ ပထမအကြိမ်ပြိုင်တုန်း ကတော့ ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာပေါ့။ အခုကတော့ တည်တည်ငြိမ်ငြိမ်နဲ့ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ရန်ကုန်နဲ့ မန္တလေးတို့ကတော့ ခက်ခဲတဲ့ ပြိုင်ဘက်တွေဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ ရွှေလိုချင်တာပေါ့။ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။

**မကြည်ကြည်သာ**
**အဆင့်မြင့်ပညာ၊ အမျိုးသမီး**
**ဆိုင်းတစ်ဦးချင်း (မွန်ပြည်နယ်)**

ရန်ကုန်မှာ ဆိုကရေးတီး လုပ်ကတည်းက ဗဟိုအဆင့်မှာ ဝင်ပြိုင်ဖြစ်ခဲ့ပြီး ကြေးနှစ်ဆု ရရှိခဲ့ပါတယ်။ နေပြည်တော်မှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာတော့ ငွေနှစ်ဆု ရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ အကောင်းဆုံး ပြင်ဆင်ထားတဲ့အတွက်ကြောင့် ရွှေတံဆိပ်တော့ မှန်းထားပါတယ်။ ဒီပြိုင်ပွဲအတွက်ကို အများကြီးပြင်ဆင်ခဲ့ပါတယ်။ ကျောင်းတစ်ဖက်နဲ့ လုပ်နေရတဲ့အတွက်ကြောင့် ကျောင်းပြီးသွားရင်တော့ အနုပညာကိစ္စတွေ ပိုလုပ်ဖြစ်မှာပါ။ ဆိုင်းအပြင် ပတ္တလားတို့ဘာတို့လည်းဆက်လုပ်သွားဖို့ရှိပါတယ်။ ဒီလိုပြိုင်ပွဲတွေ ဝင်ရောက် ယှဉ်ပြိုင်ခြင်းအားဖြင့် အတွေ့အကြုံသစ်တွေ အများကြီး ရရှိပါတယ်။ သူငယ်ချင်းအသစ်တွေလည်း အများကြီးရရှိပါတယ်။

**မယွန်းလဲ့လဲ့မှီ**
**အဆင့်မြင့်ပညာ**
**အမျိုးသမီး ဆိုင်းတစ်ဦးချင်း**
**(မန္တလေးတိုင်းဒေသကြီး)**

ဒီပြိုင်ပွဲက သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ အရင်ပြိုင်ပွဲတွေတုန်းက ဆိုင်းတစ်ဦးချင်း ဒုတိယ၊ အဖွဲ့လိုက်ပြိုင်ပွဲမှာ ဒုတိယရရှိခဲ့ပါတယ်။ အခုပြိုင်ပွဲအတွက်တော့ ပြင်ဆင်ချိန် သိပ်မရခဲ့ပါဘူး။ အကောင်းဆုံးတော့ ကြိုးစား ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အနုပညာအနေနဲ့ကတော့ စောင်းတူရိယာကို အထူးပြုပြီး ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါတယ်။ ဒီပြိုင်ပွဲကြီး ကျင်းပတဲ့အတွက်လည်း ဝမ်းသာမိသလို ကျေးဇူးလည်း အထူးတင်မိပါတယ်။ အထူးသဖြင့် သမီးတို့လို မျိုးဆက်သစ်လူငယ်တွေအတွက် မြန်မာ့ယဉ်ကျေးမှု အနုပညာကို ဆက်လက် ထိန်းသိမ်းပေးရာလည်း ရောက်ပါတယ်။

**မောင်အောင်ဘိုဘို**
**အဆင့်မြင့်ပညာ**
**အမျိုးသား ဆိုင်းတစ်ဦးချင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

မနှစ်က ကျင်းပတဲ့ (၂၅)ကြိမ်မြောက်မှာ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေသုံးခု၊ ငွေတစ်ခု ဆွတ်ခူးနိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ဆိုင်းအဖွဲ့လိုက်၊ အိုးစည်ဒိုးပတ်မှာ ရွှေရခဲ့ပြီးတော့ ဆိုင်းတစ်ဦးချင်းမှာ ငွေပဲရခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာတော့ ဆိုင်းတစ်ဦးချင်းကို ရွှေမှန်းထားပါတယ်။ ကျောင်းတစ်ဖက်နဲ့ဆိုတော့ စိတ်ထင်သလောက်တော့ လုပ်မရဘူးပေါ့။ အတတ်နိုင်ဆုံးတော့ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - လင်းရာမ**
**ဓာတ်ပုံ - ကိုထက်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈၁ ရက်**

**သာ လိုတော့သည်။**

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရွေးကောက်ပွဲနှိုးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစကာစိုက်ထူခြင်း အခမ်းအနားတက်ရောက်



**ပုသိမ် အောက်တိုဘာ ၇**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်သူများ အနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် ရွေးကောက်ပွဲ နှိုးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမရှေ့တွင် ပြုလုပ်ခဲ့ရာ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

ဦးစွာ ရွေးကောက်ပွဲနှိုးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခန့်မွန်ဆွေနှင့် တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှမိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(မြန်/ဆက်)



## ပန်းတောင်းမြို့နယ်၌ မဲပေးခြင်းအသိပညာပေး ပိုစတာများ စိုက်ထူ

**ပန်းတောင်း အောက်တိုဘာ ၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပုံမဲပေးနည်း အသိပညာပေးပိုစတာများကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လူစည်ကားရာလမ်းဆုံများ ဆင်တဲ၊ ပန်းတောင်း၊ ဥသျှစ်ပင်တို့၌ စိုက်ထူခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးပိုစတာများ စိုက်ထူခြင်းကို ပန်းတောင်းမြို့မင်းရပ်ရပ်ကွက် ပန်းရောပန်းခြံရှေ့၊ ဆင်တဲကျေးရွာ ဇက်ဆိပ်ဟောင်းရှေ့နှင့် ဥသျှစ်ပင်မြို့ လျှပ်စစ်ရုံးဝန်းအနီးတို့၌ စိုက်ထူခဲ့ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(မြန်/ဆက်)

## ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦးနှင့်(အရှေ့ပိုင်း)တာဝန်ခံဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် “၀” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင်၊ ကျိုင်းတုံခရိုင်နှင့် မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာ အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မဲပေးစက်ဆိုင်ရာ နည်းပညာ အထောက်အကူပြုအဖွဲ့များနှင့် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အပိုင်းလိုက်ခွဲပြီး ဆောင်ရွက်မည့်အခြေအနေ၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာပြီးစီးမှု၊ မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM)များ မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးမည့် အခြေအနေ၊ တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ ကြိုတင် မဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ MEVM မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထုတ်ယူ၊ ပြင်ဆင်ပြီး သက်ဆိုင်ရာမဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ခရိုင်/မြို့နယ် MEVM စက်များ ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ၏ စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချပြ ရှင်းလင်းဆွေးနွေးသည်။



အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်ခွဲ/ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၏ တင်ပြချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အနောက်တောင်မုတ်သုံလေဆုတ်ခွာပြီး မိုးလွန်ကာလ ကြုံတွေ့ရလေ့ရှိသော ရာသီဥတုအခြေအနေများ

ဒေါက်တာကျော်(မိုးလေဝသကျောင်း)

**မိုးဥတု၏ ပုံမှန်ပူနွေးစိုစွတ်သော ရာသီဥတုက မုတ်သုံကာလ ကုန်ဆုံးခါနီးအချိန်တွင် အနည်းငယ်အေးမြစိုစွတ်သည့် မိုးလေဝသအခြေအနေဘက်သို့ ကူးပြောင်းလာခြင်းမှာ သဘာဝတရားက ထိုဒေသသည် ဆောင်းဥတုသို့ ဝင်ရောက်ရန် အသင့်ပြင်ဆင်နေပြီဟူသော ကြိုတင်အချက်ပြမှုပင်ဖြစ်ပါသည်။**

တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် ဥရောပနိုင်ငံများကဲ့သို့သော ကမ္ဘာ့မြောက်ခြမ်း သမပိုင်းဇုန်အတွင်း တည်ရှိသောဒေသများတွင် ထိုအပူအအေးပြောင်းလဲမှုသည် အလွန်သိသာစွာ ခံစားရသော်လည်း အီကွေတာရပ်ဝန်း အပူပိုင်းဇုန်အတွင်း ကျရောက်နေသော ကျွန်တော်တို့ မြန်မာနိုင်ငံကဲ့သို့ ဒေသများအတွက် အဆိုပါပြောင်းလဲမှုသည် သိသာစွာ မခံစားရ။ သို့သော် ဤကူးပြောင်းမှုကာလသည် ရာသီဥတုတစ်ခုမှတစ်ခုသို့ အေးဆေးညင်သာစွာ ပြောင်းလဲနေခြင်းမျိုးမဟုတ်ဘဲ နေ့တစ်နေ့၏ မိုးလေဝသအခြေအနေများမှာ လျင်မြန်စွာ ပြောင်းလဲတတ်သော (ဥပမာ-ယခုနေသာ ခဏနေမိုးရွာ) မတည်ငြိမ်ဆုံးသော အချိန်ကာလပင်ဖြစ်ပါသည်။


အင်ဒိုချိုင်းနားကျွန်းဆွယ်ဒေသ (မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် စသည့်နိုင်ငံများ)အတွက် စက်တင်ဘာလ နှောင်းပိုင်းမှ နိုဝင်ဘာလကုန်အထိကို မိုးလွန်ကာလ (သို့မဟုတ်) အနောက်တောင်မုတ်သုံအလွန်ကာလ (Post-Monsoon Season)အဖြစ် အကြမ်းဖျင်းသတ်မှတ်နိုင်ပါသည်။ ဤကာလအတွင်း ကြုံတွေ့ရနိုင်သော ရာသီဥတုဖြစ်ရပ်များမှာ သာမန်ထက်ပိုမို၍ ကြမ်းတမ်းပြင်းထန်တတ်ကာ လူနေမှုဘဝ၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဒေသစီးပွားရေးများအပေါ် ကြီးမားသော စိန်ခေါ်မှုများ ယူဆောင်လာလေ့ရှိပါသည်။ အထူးသဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှု (Climate Change)၏ အကျိုးဆက်ကြောင့် ဤမုတ်သုံလွန်ကာလ၏ မိုးလေဝသအခြေအနေများမှာ ပိုမိုသိသာစွာ ပြင်းထန်ဆိုးရွားလာသည်ကို တွေ့မြင်နေရပါသည်။

### မြန်မာ့မုတ်သုံ၏ မိုးရာသီစက်ဝန်း


မြန်မာနိုင်ငံအပါအဝင် အင်ဒိုချိုင်းနားဒေသသည် အရှေ့မြောက် (Northeast Monsoon) နှင့် အနောင်တောင်မုတ်သုံရာသီ (Southwest Monsoon) တို့၏ လွှမ်းမိုးမှုအောက်တွင် ရှိပါသည်။ ယေဘုယျအားဖြင့် အနောက်တောင်မုတ်သုံဝင်ချိန် (Pre-Monsoon) မိုးဦးကာလသည် မေလလယ်ခန့်တွင် စတင်ပြီး မိုးလယ်သည် ဇွန်လမှ ဩဂုတ်လအတွင်းဖြစ်ကာ စက်တင်ဘာလသည် အနောက်တောင်မုတ်သုံလေ စတင်ဆုတ်ခွာသောလ ဖြစ်သည်။

အရှေ့မြောက်မုတ်သုံကာလမစမီ အောက်တိုဘာလမှ နိုဝင်ဘာလများကို မိုးလွန်ကာလအဖြစ် သုတေသနမှတ်တမ်းများအရ သတ်မှတ်နိုင်သည်။

၁၀ စုနှစ်အလိုက် အောက်တိုဘာ+နိုဝင်ဘာလများအတွင်း ဖြစ်ပေါ်ခဲ့သော ပျမ်းမျှစုစုပေါင်းမိုးရေချိန်




ပုံ(၂) နေ့အလိုက် ပျမ်းမျှမိုးရွာသွန်းမှု အခြေအနေပြဇယား




ဤကာလတွင် မြန်မာနိုင်ငံအပေါ် အနောက်တောင်မုတ်သုံလေ၏ သက်ရောက်မှု လျော့နည်းသွားပြီး အရှေ့ဘက်မှ အရှေ့လေပွေလှိုင်းများသာမက အပူပိုင်းတိုင်ဖွန်းမုန်တိုင်းများ၏ လွှမ်းမိုးမှု ပိုမိုခံရသော အချိန်ကာလပင်ဖြစ်ပေတော့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်းဒေသများသည်လည်း အတ္တလန္တိတ်သမုဒ္ဒရာမှ ရေငွေ့များ သယ်ဆောင်လာပြီး မြေထဲပင်လယ်ဒေသကိုဖြတ်၍ အရှေ့ဘက်ဟိမဝန္တာတောင်ခြေတစ်လျှောက်သို့ ခရီးနှင်လာလေ့ရှိသော အနောက်လေပွေလှိုင်းများ၏ သက်ရောက်မှုကို ခံစားတွေ့ကြုံရလေ့ရှိပါသည်။

### မြန်မာနိုင်ငံ မိုးလွန်ကာလ မိုးရေချိန် ပြောင်းလဲလာမှု

ဖော်ပြထားသော မြေပုံများသည် မြန်မာနိုင်ငံ၏ မိုးလွန်ကာလ တစ်နည်း မုတ်သုံရာသီလွန်ကာလဖြစ်သော အောက်တိုဘာလနှင့် နိုဝင်ဘာလ စုစုပေါင်း မိုးရေချိန်ကို ၁၉၈၁-၁၉၉၀ ဆယ်စုနှစ်နှင့် ၂၀၁၀-၂၀၂၀ ဆယ်စုနှစ် နှစ်ခုတို့အကြား နှိုင်းယှဉ်ပြထားခြင်း ဖြစ်ပါသည်။ ပုံ(က)အရ မိုးရေချိန်အများဆုံးရရှိသော ဒေသများမှာ အများသိရှိထားပြီးဖြစ်သည့် ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် တနင်္သာရီကမ်းရိုးတန်းတို့ပင်ဖြစ်ပြီး အလယ်ပိုင်းမိုးနည်းချိုင့်ဝှမ်းဒေသသည် မိုးရေချိန်အနည်းဆုံးရရှိသည်ကို တွေ့ရပါသည်။

သို့သော် ၁၉၉၀ ရှေ့ပိုင်းနှင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဆယ်စုနှစ်နှစ်ခုအကြား ကွာခြားချက်ကို ကြည့်ပါက (ပုံ-၁-ဂ)၊ ၂၀၁၁-၂၀၂၀ ဆယ်စုနှစ်တွင် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက် (ချင်းပြည်နယ် တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း)၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေ အပါအဝင် အလယ်ပိုင်းချိုင့်ဝှမ်းဒေသနေရာ အတော်များများတို့၌ မိုးရေချိန် (အစိမ်းရောင်များဖြင့်) သိသိသာသာ တိုးလာသည်ကို တွေ့ရပါသည်။ တစ်ချိန်တည်းမှာပင် တနင်္သာရီကမ်းရိုးတန်းဒေသအချို့၌ မိုးရေချိန် အနည်းငယ် လျော့ကျသွားသည် (အနီရောင်/လိမ္မော်ရောင်)ကိုလည်း တွေ့ရှိရပါသည်။

နေ့စဉ်ပျမ်းမျှမိုးရေချိန်ဇယား (Temporal Plot) အရလည်း မြန်မာနိုင်ငံ ပျမ်းမျှ နေ့စဉ်မိုးရေချိန်သည် ၂၀၁၀-၂၀၂၀ ဆယ်စုနှစ်အတွင်း ၁၉၈၁-၁၉၉၀ ဆယ်စုနှစ်ထက် ပိုမိုမြင့်မားနေသည်ကို တွေ့ရပါသည်(ပုံ-၂)။ အထူးသဖြင့် အောက်တိုဘာလလယ်ပိုင်းမှစ၍ နောက်ဆုံးဆယ်စုနှစ်၏ နေ့စဉ်ပျမ်းမျှနှုန်း (အစိမ်းမျဉ်းပြတ်)သည် ၁၉၈၀ ဆယ်စုနှစ် (အပြာမျဉ်းပြတ်)ထက် သိသိသာသာ ပိုများနေသဖြင့် မုတ်သုံရာသီကုန်ဆုံးပြီးနောက်ပိုင်း မိုးရေချိန်ရရှိမှုပုံစံသည် ရွာသွန်းနှုန်း ပိုမိုပြင်းထန်လာခြင်း သို့မဟုတ် မိုးရွာသည့်ရက်ပိုများလာခြင်းကို ညွှန်ပြနေပါသည်။

### အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ (Untimely Rainfall)

အထက်ဖော်ပြပါ မိုးလွန်ကာလ၏ မူမမှန်သော မိုးရွာသွန်းမှုဖြစ်စဉ်များ၏ အဓိကအကြောင်းအရာမှာ ရုတ်တရက်ဖြစ်ပေါ်လာသော မိုးတိမ်တောင်များ၊ လေပွေလှိုင်းများနှင့် မုန်တိုင်းဖြစ်စဉ်များ လက်ရှိနှစ်များအတွင်း ပိုမိုဖြစ်ပေါ်လာခြင်းကြောင့်ပင်ဖြစ်သည်။ မိုးလွန်ကာလသည် အနောက်လေမှ အရှေ့လေသို့ ကူးပြောင်းတိုက်ခတ်သည့် ကာလဖြစ်သောကြောင့် ပစိဖိတ်သမုဒ္ဒရာအနောက်ခြမ်းမှ မုန်တိုင်းများ၊ လေပွေလှိုင်းများက ၎င်းတို့ပြင်းအားပေါ်မူတည်၍ ရေငွေ့များ၊ မိုးတိမ်တောင်များကို အရှေ့လေနှင့်အတူ သယ်ဆောင်လာခြင်းဖြင့်လည်း မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့အတူ မိုးရာသီကုန်ဆုံးသွားပြီဟု ထင်မှတ်နိုင်သော မိုးလွန်ကာလ ပူပြင်းသော နေပူရှိန်သည် နေ့လယ်ခင်းတွင် မြေပြင်အား ပူနွေးလာစေပြီး အဆိုပါမြေနှင့် ထိစပ်လျက်ရှိသော လေပူများသည် မိုးတွင်းကာလတစ်ခုလုံး ရရှိစုဆောင်းထားသော မြေပြင်မှ ရေငွေ့များကို သယ်ဆောင်၍ အထက်သို့ မြန်ဆန်စွာ တက်သွားကာ ရူပဗေဒဖြစ်စဉ်များအရ ကြီးမားသော မိုးတိမ်တောင်ကြီးများ (Cumulonimbus Clouds- CB Clouds) အဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာပေတော့သည်။ ဤမိုးတိမ်တောင်ကြီးများသည် လျှပ်စီးလက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ၊ မိုးသီးကြွေခြင်းနှင့် အချိန်တိုအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကို ဖြစ်ပေါ်စေခြင်းဖြင့် မိုးလွန်ကာလ မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေပေသည်။

ဤဖြစ်စဉ်များသည် ဒေသ/နေရာများကွက်၍သာ ဖြစ်ပေါ်တတ်သော်လည်း ယင်းတို့၏ မိုးရွာသွန်းမှု ပြင်းထန်တတ်သော စရိုက်လက္ခဏာကြောင့် မြို့ပြဒေသများတွင် ဖြစ်ပေါ်ပါက ရုတ်တရက် ရေကြီးရေလျှံမှုများ (Urban Flood)၊ ကျေးလက်ဒေသများတွင် ဖြစ်ပေါ်ပါက မြေပြိုမှုများ (Land Slide) နှင့် ရုတ်တရက်ရေလွှမ်းမိုးမှုများ (Flash Flood) ဖြစ်ပေါ်စေနိုင်သည်။ လက်ရှိ သုတေသနလေ့လာမှုများအရ ရာသီဥတုပြောင်းလဲမှုနှင့်အတူ ဤအချိန်အခါမဟုတ် မိုးရွာသွန်းမှုများ၏ ကြိမ်နှုန်းနှင့် ပြင်းအားများသည် မြန်မာနိုင်ငံအပါအဝင် အီကွေတာရပ်ဝန်းဒေသ အတော်များများတွင် တိုးတက်ပြင်းထန်လာနေကြောင်း တွေ့ရပါသည်။

> **မိုးရာသီကုန်ဆုံးသွားပြီဟု ထင်မှတ်နိုင်သော မိုးလွန်ကာလ ပူပြင်းသော နေပူရှိန်သည် နေ့လယ်ခင်းတွင် မြေပြင်အား ပူနွေးလာစေပြီး အဆိုပါမြေနှင့် ထိစပ်လျက်ရှိသော လေပူများသည် မိုးတွင်းကာလတစ်ခုလုံး ရရှိစုဆောင်းထားသော မြေပြင်မှ ရေငွေ့များကို သယ်ဆောင်၍ အထက်သို့ မြန်ဆန်စွာတက်သွားကာ ရူပဗေဒဖြစ်စဉ်များအရ ကြီးမားသော မိုးတိမ်တောင်ကြီးများအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာပေတော့သည်။ ဤမိုးတိမ်တောင်ကြီးများသည် လျှပ်စီးလက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ၊ မိုးသီးကြွေခြင်းနှင့် အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကို ဖြစ်ပေါ်စေခြင်းဖြင့် မိုးလွန်ကာလ မိုးရွာသွန်းမှုဖြစ်စဉ်များကို ဖြစ်ပေါ်စေ**

### မိုးလွန်ကာလ မုန်တိုင်းများ၏ ခြိမ်းခြောက်မှု

မိုးလွန်ကာလအတွင်း အင်ဒိုချိုင်းနားဒေသ၏ ရာသီဥတုအပေါ် လွှမ်းမိုးမှုအရှိဆုံးဖြစ်စဉ်မှာ အရှေ့ဘက် တောင်တရုတ်ပင်လယ်ပြင်မှ တိုင်ဖွန်းမုန်တိုင်းများပင်ဖြစ်သည်။ တောင်တရုတ်ပင်လယ်ပြင်နှင့် ပစိဖိတ်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်တတ်သော ဤမုန်တိုင်းများသည် အနောက်ဘက်သို့ သို့မဟုတ် အနောက်မြောက်ဘက်သို့ ရွေ့လျားလေ့ရှိပြီး ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံအထိ သက်ရောက်မှုရှိသည်။ ပျမ်းမျှအားဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင် နှစ်စဉ် တိုင်ဖွန်းမုန်တိုင်း ၁၅ ကြိမ်မှ အကြိမ် ၂၀ ခန့် ဖြစ်ပေါ်လေ့ရှိပြီး ယင်းတို့အနက် အနည်းဆုံး လေးကြိမ်မှ ခြောက်ကြိမ်ခန့်သည် ဗီယက်နမ်နိုင်ငံ ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်လေ့ရှိသည်။ ထိုမုန်တိုင်းများထဲမှ အချို့သည် တစ်ခါတစ်ရံ ကပ္ပလီပင်လယ် (Andaman Sea) မှ ဘင်္ဂလားပင်လယ်အော်အထိ ရောက်ရှိလာတတ်သည်။

စာမျက်နှာ ၁၁ သို့

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ လျှူဒါန်းပူဇော်ပွဲကျင်းပ



ပဲခူး အောက်တိုဘာ ၇

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ယမန်နေ့ညပိုင်း အဘိဓမ္မာအခါတော်နေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဆီမီး ၁၀၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ဆုတောင်းပြည့် ရွှေမော်ဓောစေတီမြတ်ကြီးအား နမောတဿသုံးကြိမ်ရွတ်ဆို ကန်တော့ကာ ဆီမီး ၁၀၀၀၀ အား စတင်မီးထွန်းညှိပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ဆီမီးများ ထွန်းညှိကြပြီး ရောင်စုံမီးပုံးပျံများ လွှတ်တင်ပူဇော်၍ တေးညွှန့်မင်္ဂလာတေးဂီတအဖွဲ့က ငြိမ့်ညောင်းသာယာသော ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ရတနာမိုးဆင်အကအဖွဲ့နှင့် တေးညွှန့်မင်္ဂလာတေးဂီတအဖွဲ့တို့ကို ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညချမ်းတွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၊ ကျိုက်ပွန်လေးမျက်နှာဘုရား၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေဂူလေးဘုရား၊ ရွှေဂူကြီးဘုရား၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများတွင် သီတင်းကျွတ်အခါသမယ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားသိုက်မြိုက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့ ရွှေမော်ဓောဘုရားအနီးရှိ သာသနာ့ဗိမာန်နှင့် ပဲခူးမြို့ ရှေးဟောင်းဘုရားစေတီပုထိုးများ၊ ရပ်ကွက်/ရပ်ကျေးရွာများအလိုက် စတုဒိသာကျွေးမွေးမှုများဖြင့် ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



**သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ လွိုင်ကော်မြို့ သမိုင်းဝင်မြို့နာမ်စေတီတော်မြတ်တွင် ဆီမီး၁၀၀၀၀ ကပ်လှူပူဇော်ပွဲနှင့် မီးပုံးပျံစုပေါင်းလွှတ်တင်ပူဇော်ပွဲတွင် ပြည်သူများ လာရောက်ပူဇော်ကြစဉ်။**

ကိုတွတ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ်၌ တာဝတိံသာဘုရားဆင်း ဗုဒ္ဓပူဇနိယပွဲတော်နှင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပ



လပွတ္တာ အောက်တိုဘာ ၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အောင်တော်မူစေတီတော်မြတ်ကြီးတွင် လပွတ္တာမြို့နယ်လုံးဆိုင်ရာ တာဝတိံသာ ဘုရားဆင်းဗုဒ္ဓပူဇနိယပွဲတော်နှင့် သီတင်းကျွတ် မီးထွန်းပွဲတော် အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက ကျင်းပသည်။

အဆိုပါပွဲတော်ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ၊ ဘုရားဆင်းဗုဒ္ဓပူဇနိယပွဲတော်ဆင်ယင်ကျင်းပခြင်း နိဒါန်းကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက်ဘုရားရှင်ဂုဏ်တော်များကို အမွှမ်းပြုသည့် ပထမသြဘာစာ၊ ဒုတိယသြဘာစာနှင့် တတိယသြဘာစာတို့ကို ဖတ်ကြားပူဇော်ပြီး ကိုယ်တော်မြတ်ကြီးအား ကြည်ညိုပူဇော်ခံယူတော်မူလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❂ စာမျက်နှာ ၁၀ မှ

အဆိုပါမုန်တိုင်းများသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ပါက လေတိုက်နှုန်းအား လျော့သွားသော်လည်း မိုးသည်းထန်စွာရွာသွန်းမှုများကို ဆက်လက်ဖြစ်ပေါ်စေနိုင်ကာ မြစ်ချောင်းများ ရေလျှံမှုများ၊ ရေကြီးမြေပြိုမှုများကို ဖြစ်စေနိုင်သည်။ မိုးလွန်ကာလ ဘင်္ဂလားပင်လယ်အော်ဘက်တွင်လည်း ဆိုင်ကလုန်းမုန်တိုင်းနှင့် မုန်တိုင်းငယ်များက မိုးဦးကာလ (ဧပြီ–မေလ)များထက် ကြိမ်ရေများများ ဖြစ်ပေါ်တတ်သော်လည်း ယင်းတို့၏ပြင်းအားနှင့် မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်ခြေမှာ အလွန်နည်းပါးလေ့ရှိပါသည်။ သို့သော် လေ့လာမှုများအရ လက်ရှိနှစ်များအတွင်း ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာမှုနှင့်အတူ ဤမုန်တိုင်းများ၏ ပြင်းအားသည်လည်း ပိုမိုမြင့်မားလာနိုင်ကြောင်း ညွှန်ပြနေသည်။

**ရေကြီးရေလျှံမှုများ**

ခန့်မှန်းရခက်သော အချိန်အခါမဟုတ် မိုးရွာသွန်းမှုများသည် မြို့ပြဒေသများတွင် ရေမြောင်းများလျှံတက်ကာ ရေကြီးရေလျှံမှုများ ဖြစ်စေနိုင်သည့်အပြင် ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ဖြစ်ပေါ်လာသော မိုးသည်းထန်စွာ ရွာသွန်းမှုများသည်လည်း မြစ်ချောင်းများ ရေလျှံမှုကို ဖြစ်ပေါ်စေနိုင်ပြီး ကျေးရွာများနှင့် စိုက်ခင်းများကို နစ်မြုပ်စေနိုင်သည်။ မြန်မာနိုင်ငံ၏ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြစ်၊ ချောင်းများအနီးရှိ ဒေသများသည် ဤဘေးအန္တရာယ်ကို အထူးသဖြင့် ခံစားရလေ့ရှိသည်။

**ကာကွယ်ရေးနှင့် ပြင်ဆင်ရေးအကြံပြုချက်များ**

အထက်ပါ ဘေးအန္တရာယ်များကို စနစ်တကျ ရင်ဆိုင်ကျော်လွှားနိုင်ရန် အောက်ပါအချက်များကို အကြံပြုအပ်ပါသည်–

(က) **မိုးလေဝသသတင်းကို မပျက်မကွက်နားထောင်ပါ။** မိုးလွန်ကာလအတွင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များကို နေ့စဉ်နားထောင်သင့်သည်။ မုန်တိုင်းသတိပေးချက်များ၊ ရေဘေးသတိပေးချက်များ ထုတ်ပြန်ပါက ကမ်းရိုးတန်းဒေသရှိ လူများသည် ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အဆင်သင့်ပြင်ဆင်ထားရမည်။

(ခ) **ရုတ်တရက် ရေလွှမ်းမိုးမှုအတွက် သတိထားပါ။** မြေနိမ့်သောဒေသများ၊ မြစ်ချိုင့်ဝှမ်းများနှင့် ရေစီးကြောင်းအနီးတွင် နေထိုင်သူများသည် ရုတ်တရက်ရေလွှမ်းမိုးမှု (Flash Flood) အတွက် အထူးသတိထားရမည်။ မိုးသည်းထန်စွာ ရွာသွန်းနေချိန်တွင် ရေနက်သောနေရာများကို တတ်နိုင်သမျှ ဖြတ်သန်းခြင်း မပြုသင့်ပါ။

(ဂ) **လျှပ်စီးလက်ခြင်းမှ ကာကွယ်ပါ။** မိုးတိမ်တောင်ကြီးများ ဖြစ်ပေါ်နေချိန်နှင့် မိုးသက်မုန်တိုင်းကျနေချိန်တွင် ပြင်ပရှိ ကွင်းပြင်များ၊ ရေထဲ၊ သစ်ပင်အောက်များတွင် မနေပါနှင့်။ ကွန်ကရစ်ခိုင်မာသော အဆောက်အအုံများအတွင်း ခိုလှုံနေရပါမည်။

(ဃ) **ကျန်းမာရေးကို အထူးဂရုစိုက်ပါ။** အပူချိန်အပြောင်းအလဲကြောင့် ဖျားနာခြင်းမှ ကာကွယ်ရန် ကိုယ်ခံအားကို မြှင့်တင်ပေးသော အစားအစာများ စားသုံးသင့်သည်။ ရေကြီးရေလျှံဒေသများတွင် ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်နိုင်ရန် သန့်ရှင်းသော(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာ သောက်သုံးသင့်သည်။

(င) **စိုက်ပျိုးရေးလုပ်ကိုင်သူများအနေဖြင့်** ရိတ်သိမ်းချိန်နီးပါးသီးနှံများအား မိုးဒဏ်မှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်သည်။ ရာသီဥတုခန့်မှန်းချက်ကို နေ့စဉ် စောင့်ကြည့်ကာ လိုအပ်ပါက အရေးပေါ်ရိတ်သိမ်းခြင်းများ ပြုလုပ်သင့်သည်။

- **သီးနှံရွေးချယ်စိုက်ပျိုးခြင်းနှင့် အချိန်ဇယားချမှတ်ခြင်း**
  - ☐ မိုးရာသီကုန်ဆုံးချိန်တွင် ရိတ်သိမ်းနိုင်သော သီးနှံမျိုးများ (မိုးစပါးရိတ်သိမ်းချိန်စောသော မျိုးစေ့များ)ကိုဦးစားပေးရွေးချယ်စိုက်ပျိုးသင့်သည်။
  - ☐ ရာသီဥတုခန့်မှန်းချက်ကို အခြေခံ၍ ရိတ်သိမ်းချိန်ကို ကြိုတင်စီမံ ချမှတ်ထားသင့်သည်။
- **အရေးပေါ်ရိတ်သိမ်းခြင်းနှင့် ခြွေလှေ့ခြင်း**
  - ☐ မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းရပါက ရိတ်သိမ်းရန် အချိန်ရှိပါက အရေးပေါ်ရိတ်သိမ်းခြင်း ပြုလုပ်သင့်သည်။
  - ☐ ရိတ်သိမ်းပြီးသော သီးနှံများကို မိုးဒဏ်မှ ကင်းဝေးသော ခြောက်သွေ့သည့် နေရာတွင် သိမ်းဆည်းထားသင့်သည်။
- **လယ်ကွင်းအတွင်း ရေထုတ်မြောင်းစနစ်ကောင်းမွန်အောင်ပြုလုပ်ခြင်း**
  - ☐ လယ်ကွင်းအတွင်းရှိ ရေမြောင်းများကို ရေစီးဆင်းမှု ကောင်းမွန်အောင် ပုံမှန်သန့်ရှင်းရေး ပြုလုပ်သင့်သည်။
  - ☐ လယ်ကွင်းမှ ရေများ အမြန်ဆုံးထွက်ရှိစေရန် အဓိကရေမြောင်းကြီးများကို ကြိုတင်တူးဖော်ထားသင့်သည်။
- **သီးနှံအား ခိုင်မြဲစွာ ထောက်ကန်ပေးခြင်း**
  - ☐ လေပြင်းဒဏ်ခံနိုင်ရန် သီးနှံပင်များလဲလျောင်းခြင်းမှ ကာကွယ်ရန် သင့်တော်သောနည်းလမ်းများ (ဥပမာ – စပါးခင်းများတွင် ကြိုးများဖြင့် ချည်နှောင်ပေးခြင်း) ဖြင့် ထောက်ကန်ပေးထားနိုင်ပါသည်။
- **အာမခံခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း**
  - ☐ သဘာဝဘေးအာမခံကို ဝယ်ယူထားခြင်းနှင့် ဝယ်ယူပြီးပါက ဆုံးရှုံးမှုများအတွက် လျော်ကြေးရရှိရန် ဆောင်ရွက်နည်းများ ကြိုတင်စုံစမ်းထားသင့်သည်။
  - ☐ ရိတ်သိမ်းပြီးသော သီးနှံများကို ချက်ချင်းရောင်းချခြင်း သို့မဟုတ် ခြောက်သွေ့စွာ သိုလှောင်ခြင်းပြုလုပ်နိုင်ရန် ဈေးကွက်ကြိုတင်ရှာဖွေထားသင့်သည်။

ရာသီတစ်ခုမှတစ်ခုသို့ ကူးပြောင်းခြင်းသည် သဘာဝ၏ လှပသော အစိတ်အပိုင်းတစ်ခုပင်ဖြစ်သော်လည်း မိုးလွန်ကာလသည် ၎င်း၏ နေ့စဉ်မိုးလေဝသဖြစ်စဉ်များ မတည်ငြိမ်တတ်သော သဘောသဘာဝကြောင့် ကျွန်ုပ်တို့အနေဖြင့် ပိုမိုသတိပြု၍ ပြင်ဆင်ထားရန် လိုအပ်သည်။

ယနေ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် မိုးလွန်ကာလမုန်တိုင်းများ၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများသည် ယခင်ကထက် ပိုမိုအကြိမ်ရေများလာပြီး ပြင်းထန်လာနိုင်ကြောင်း သုတေသနများက ညွှန်ပြထုတ်ဖော်ပြောဆိုနေကြပြီဖြစ်သည်။ ထို့ကြောင့် နေ့စဉ်မိုးလေဝသသတင်းများကို သေချာစွာနားထောင်ခြင်း၊ ဒေသခံအာဏာပိုင်များ၏ သတိပေးချက်များကို လိုက်နာခြင်းဖြင့် မိုးလွန်ကာလ၏ မိုးလေဝသဆိုင်ရာ စိန်ခေါ်မှုများကို ဘေးကင်းစွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ရင်းဖြင့် တင်ပြလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) နှစ်ပတ်လည်အထွေထွေအစည်းအဝေး (၂၀၂၅) နှင့် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) နှစ်ပတ်လည် အထွေထွေအစည်းအဝေး (၂၀၂၅) နှင့် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကမ္ဘာ့အိမ်ခြံမြေအဖွဲ့မှ ဒါရိုက်တာများ၊ အာရှ-ပစိဖိတ်ကွန်ဗင်းရှင်းမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) ဂုဏ်ထူးဆောင်နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊နေပြည်တော်၊ပြည်နယ်နှင့် တိုင်းဒေသကြီးများမှအသင်းသား အသင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မောင်းကိုးချက်တီး၍ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) နှစ်ပတ်လည် အထွေထွေအစည်းအဝေး(၂၀၂၅) ကို ဖွင့်လှစ်ပေးပြီး အိုးစည်အဖွဲ့နှင့် သူငယ်တော်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။




ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြင်သစ်အခြေစိုက်ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်မှ Mr.Antonio Campagnoli, World President (FIABCI)က Video Click ဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဦးသန်းဦး၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါ်မို့မို့အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ Dr Supon President of FIABCI–Thailand နှင့် Mr. Clayton Wade, Managing Director Premire Home Premire Land CIPS–AIGS–FIABCI တို့က အမှာစကားပြောကြားကြပြီး တိုင်းရင်းသား တိုင်းရင်းသူများက We are Asean အက၊ ရှမ်းကိန္နရီအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) အထွေထွေ အတွင်းရေးမှူးချုပ် ဦးမောင်အေးက အသင်း၏ လုပ်ဆောင်ချက်များ၊ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးသက်မောင်ဦးက ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်များမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘယ်လာရုစ်နိုင်ငံ ဖျော်ဖြေရေးအဖွဲ့ ပြင်ဦးလွင်မြို့တွင် လှည့်လည်ကြည့်ရှုလေ့လာ





**ပြင်ဦးလွင် အောက်တိုဘာ ၇**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့သည် ယနေ့တွင် ပြင်ဦးလွင်မြို့ရှိ အထင်ကရနေရာများသို့ လှည့်လည်သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့တွင် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ၊ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva၊ မန်နေဂျာ Mr.Danila Kisievတို့ လေးဦးပါဝင်ပြီး မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အယ်လ်ဇန္ဒား၊ ရုရှားသံရုံးမှ ကိုယ်စားလှယ် Mr. Andrei Tretiakov နှင့် MRTV မှ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်၊ အင်ကြင်းကျောက်ပြတိုက်၊ ရွှံ့နွံတော၊ ဝါးပိုးဝါးပင်များ ထိန်းသိမ်းထားရှိမှု၊ လိပ်ပြာပြတိုက်၊ မြန်မာသစ်ခွမျိုးရင်း ပြကွက်များအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့တွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်ကြပြီး အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ထိုမှတစ်ဆင့် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE. FALLS)သို့ သွားရောက်ကြပြီး အပန်းဖြေစခန်းအတွင်းရှိ မှန်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကာ ဆင်လိမ္မာ သရုပ်ပြသမှုအား ကြည့်ရှုကြသည်။

ဆက်လက်၍ အပန်းဖြေစခန်းအတွင်း ဘာဂီယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့ သွားရောက်စဉ် မြန်မာတို့၏ သီတင်းကျွတ် ရုံးပိတ်ရက်ကာလအတွင်း လွတ်လပ်ပျော်ရွှင်စွာ အပန်းဖြေ လာရောက်နေကြသည့် ပြည်သူများနှင့် အတူတွေ့ဆုံနှုတ်ဆက်ခြင်း၊ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ခြင်းများလည်း ဆောင်ရွက်ကြသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိကြပြီး ယင်းနေ့ညပိုင်းက မန္တလေး မြို့တော်ခန်းမတွင်လည်းကောင်း၊ အောက်တိုဘာ ၆ ရက် ညပိုင်းက ပြင်ဦးလွင်မြို့ရှိ တပ်မတော် နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြကာ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ဆက်လက်၍ ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် အောက်တိုဘာ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပဉ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၁၃-၁၀-၂၀၂၅ ရက်မှ ၂၁-၁၁-၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေး ဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊မဇ္ဈိမစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊
  ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# စားရေရိက္ခာဖူလုံရေး၊ လေကြောင်းကဏ္ဍနှင့် ဆိုင်ဘာလုံခြုံရေးကဏ္ဍတို့တွင် မလေးရှားနှင့် ပါကစ္စတန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

**ကွာလာလမ်ပူ အောက်တိုဘာ ၇**

မလေးရှားနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့ကြား စားရေရိက္ခာဖူလုံရေး၊ လေကြောင်းကဏ္ဍနှင့် ဆိုင်ဘာလုံခြုံရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ခေါင်းဆောင်များအကြား အပြန်အလှန် ခရီးစဉ်များမှတစ်ဆင့် မြှင့်တင်မည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါအီဗရာဟင်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်တို့က ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ရာ၌ ပြောကြားသည်။ ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ်ရှာရစ်သည် လက်ရှိအချိန်တွင် မလေးရှားနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသည်။ စိုက်ပျိုးရေးကဏ္ဍတွင် သုတေသနများပြုလုပ်ခြင်း၊ တီထွင်ဆန်းသစ်မှုများဆောင်ရွက်ခြင်းနှင့် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးရေးနည်းပညာများဖလှယ်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းတို့က ပြောကြားသည်။ ပါကစ္စတန်နိုင်ငံ၏ အစားအသောက်ထုတ်လုပ်ရေးနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍများတွင် ဝယ်လိုအား မြင့်တင်လာခြင်းကြောင့် မလေးရှားနိုင်ငံမှ စားအုန်းဆီထုတ်ကုန်များကို ပါကစ္စတန်နိုင်ငံသို့ တင်ပို့ရန်အတွက် မလေးရှားက စိတ်ဝင်စားမှု မြင့်တက်လာကြောင်း သိရသည်။

**သဘောတူညီ**

ထို့ပြင်နှစ်နိုင်ငံအကြား သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသည့် ထောက်ပံ့ရေးကွင်းဆက်များကို တည်ထောင်ရန် သဘောတူခဲ့သည်။ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုမြှင့်တင်ရန်အတွက် လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုမြှင့်တင်ရန် တာဝန်ရှိသူများအကြား သဘောတူညီချက်ရရှိခဲ့သည်။ ဒေသတွင်းနှင့် နိုင်ငံတကာပဋိပက္ခများအား နိုင်ငံတကာ ဥပဒေကိုအခြေခံပြီး ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် တာဝန်ရှိသူများအကြား သဘောတူညီခဲ့သည်။




**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ပြုပြင်မွမ်းမံမှုများဆောင်ရွက်နေသည့် အဆောက်အအုံပြိုကျ

**မက်ဒရစ် အောက်တိုဘာ ၇**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်နေသည့် အဆောက်အအုံပြိုကျခဲ့ရာ လေးဦးပျောက်ဆုံးနေပြီး အနည်းဆုံး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းဖြစ်ရပ်သည် မက်ဒရစ်ရှိ Plaza Mayor အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၎င်းနေရာအား ပိတ်ထားပြီး အနီးနားရှိ အဆောက်အအုံများတွင် နေထိုင်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။




ဒဏ်ရာရသူများမှာ ဆောက်လုပ်ရေးလုပ်သားများဖြစ်ပြီး တစ်ဦးမှာ ခြေထောက်ကျိုးသွားသဖြင့် ဆေးကုသမှု ခံယူနေရကြောင်း သိရသည်။

အဆောက်အအုံ ပြိုကျမှုဖြစ်ချိန်တွင် လုပ်သားနှစ်ဦးခန့် အဆောက်အအုံထဲတွင်ရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဒီဒဗလျူ**
**ဘာသာပြန် – စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ စွမ်းအင်အသွင်ကူးပြောင်းရေး မြှင့်တင်ဆောင်ရွက်

**မနီလာ အောက်တိုဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံ၏ စွမ်းအင်အသွင်ကူးပြောင်းရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ဒုတိယအဆင့်ကို ဆောင်ရွက်ရန် ရန်ပုံငွေ ကန်ဒေါ်လာ ၈၂ ဒသမ ၅ သန်းကိုအတည်ပြုခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်။

နိုင်ငံ၏ သန့်ရှင်းစွမ်းအင်အသွင်ကူးပြောင်းရေးကို မြှင့်တင်ရေးအတွက် ယခုအစီအစဉ် ကိုဆောင်ရွက်ခြင်းဖြစ်ကာ ၎င်းအစီအစဉ်၏ လုပ်ငန်းများအောင်မြင်ရေးအတွက် မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှု၊ နည်းပညာဆိုင်ရာပံ့ပိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဆောင်ရွက်ခြင်းဖြင့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်က ဆောင်ရွက်ခဲ့သည့် စွမ်းအင်အသွင်ကူးပြောင်းရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ပထမပိုင်းတွင် စွမ်းအင်ကဏ္ဍအတွက် ထိရောက်သည့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ စွမ်းအင်အသွင်ကူးပြောင်းရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဒုတိယအဆင့်အရ စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၇ ခုနှစ်တွင် ဆောင်ရွက်မည့် စွမ်းအင်အသွင်ကူးပြောင်းရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် တတိယပိုင်းတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ လုပ်ငန်းမူဘောင်နှင့် နည်းပညာကဏ္ဍများကိုမြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်၌ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ရထားလမ်းချော်

**အစ္စလာမာဘတ် အောက်တိုဘာ ၇**

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် အောက်တိုဘာ ၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ခရီးသည်တင်ရထား၏ အတွဲလေးတွဲ လမ်းချော်ကာ လေးဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံ၏အနောက်မြောက်ပိုင်း ခိုင်ဘာ ပတ်တွန်ခွာ ပြည်နယ်မှ Jaffer Express ရထားသည် အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ်သို့ ဦးတည်ခုတ်မောင်းလာစဉ် Shikarpur ခရိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပါကစ္စတန်မီးရထားဌာနက ပြောကြားသည်။ ဒဏ်ရာရသူများကို အနီးနားရှိ ဆေးရုံများသို့ ပို့ဆောင်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာတွင်ပိတ်ဆို့ထားပြီး ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

လက်ရှိအချိန်တွင် ရထားလမ်းကို ခေတ္တပိတ်ထားပြီး ပြန်လည်ပြင်ဆင်ပြီးသည့်အချိန်တွင် ရထားပြန်လည်ပြေးဆွဲမည်ဟု တာဝန်ရှိသူများက ပြောသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အီးစီးကရက်သုံးစွဲမှုကြောင့် လူသန်းပေါင်းများစွာ နှစ်စဉ်သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဂျီနီဗာ အောက်တိုဘာ ၇**

ကမ္ဘာတစ်ဝန်းတွင် အီးစီးကရက်သုံးစွဲမှု မြင့်တက်လာသဖြင့် လူသန်းပေါင်းများစွာ နှစ်စဉ်သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အီးစီးကရက်သုံးစွဲမှုကြောင့် လူငယ်များတွင် နီကိုတင်းစွဲလန်းသည့် အလေ့အကျင့်ဖြစ်လာရကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားသည်။ ကမ္ဘာ့နိုင်ငံများတွင် ဆေးလိပ်သောက်သုံးသည့် အလေ့အကျင့်ကို လူသန်းပေါင်းများစွာက စွန့်လွှတ်လာကြသော်လည်း အီးစီးကရက် သုံးစွဲသူအရေအတွက် များပြားလာကြောင်းနှင့် ဝင်ငွေမြင့်မားသည့် နိုင်ငံများတွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်အရွယ်ရှိ ကလေး ၁၅ သန်းသည် အီးစီးကရက်သုံးစွဲသူများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ အီးစီကရက်အပါအဝင် ဆက်စပ်ကုန်ပစ္စည်းထုတ်လုပ်သူများက ၎င်းတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းသည် ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများ လျှော့ချထားကြောင်း ဈေးကွက်တွင် ကြော်ငြာရောင်းချကြသော်လည်း လက်တွေ့တွင်သုံးစွဲသူများအား ကျန်းမာရေးထိခိုက်စေသည့် ဆိုးကျိုးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဗီယက်နမ်နိုင်ငံရှိ ရေအားလျှပ်စစ်ထုတ်လွှတ်ရေးဆည်ကျိုးပေါက်မှုဖြစ်ပွား

**ဟန္နိုင်း အောက်တိုဘာ ၇**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း လန်ဆောင်းပြည်နယ်ရှိ ရေအားလျှပ်စစ် ထုတ်လွှတ်ရေးဆည်တစ်ခု အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက ကျိုးပေါက်မှုဖြစ်ပွားခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ပြောကြားသည်။

တိုင်ဖွန်းမုန်တိုင်း မတ်မိုကြောင့် ဖြစ်လာသည့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်ကျိုးခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



အခင်းဖြစ်နေရာတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များကို တာဝန်ချထားကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။ ဖြစ်စဉ်ကြောင့် သေဆုံးသူမရှိကြောင်းနှင့် အဆောက်အအုံပျက်စီးခြင်းများကို လေ့လာကာ ပြုပြင်ရေး လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ကျောက်မဲမြို့နယ်၌ ယာယီပြည်သူ့ဆေးရုံဖွင့်လှစ်၍ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်းတွင် အောက်တိုဘာ ၅ ရက်မှစတင်၍ ယာယီဆေးရုံဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် လူနာများလက်ခံကုသပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ ပြင်ပလူနာ ၁၆၅ ဦးနှင့် အတွင်းလူနာ လေးဦးကို လိုအပ်သော ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ကျောက်မဲမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်လည်း ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ကျောက်မဲမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးရှောက်ရေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ပြန်လည်အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ

## ကျောက်မဲမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ် လက်ခံခဲ့ရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၂၀၆ ဦး ရှိကြောင်း သိရသည်။ အဆိုပါကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံး စာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။



ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို တာဝန်ရှိသူများက ပေးအပ်စဉ်။

ထို့ပြင် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ယင်းအပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ အောက်တိုဘာ ၅ ရက်မှစတင်၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၆၉ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်း သာယာရေး၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံစဉ်။



ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးစဉ်။



# ရန်ကုန်အနောက်ပိုင်းဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများအား အခမဲ့ကုသပေး

**ရန်ကုန် အောက်တိုဘာ ၇**


ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းဆေးရုံ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကုသရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံတကာ(NGO)အဖွဲ့အစည်းဖြစ်သည့် World Human Bridge တို့ပူးပေါင်းဆောင်ရွက်မှုဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများအား အခမဲ့ခွဲစိတ်ကုသပေးမှုကို အောက်တိုဘာ ၆ ရက်မှစတင်ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများအား အခမဲ့ကုသပေးခြင်းကို အောက်တိုဘာ ၆ ရက်မှ ၈ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ဇာလင်း(ပြန်/ဆက်)

❖

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်အခြေပြဇယား




✽ ကျောဖုံးမှ

နိုင်ငံတော် အစိုးရအနေဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်လေ့ရှိသည့်လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ် ဖမ်းဆီးမှုများ တိုးမြှင့် လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏ အားသာချက်ကို အသုံးချကာ ရေလမ်းကြောင်းအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အနေဖြင့်လည်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့် ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက် သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ်မှ မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့မှတစ်ဆင့် ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ ရှာဖွေစစ်ဆေးခဲ့ရာ လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်၌ ယာဉ်မောင်း အောင်ခန့်ကျော်နှင့် ယာဉ်နောက်လိုက် ထက်ဝေဖြိုးတို့ကို ၎င်းတို့မောင်းနှင်လာသည့် Nissan Condor ယာဉ်ပေါ်မှ အိုက်စ် ၁၄၃၉ ကီလိုဂရမ် (တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံခန့်)နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦး၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၅ ရက်တွင် ရွှေပြည်သာမြို့နယ် ဒညင်းကုန်း လမ်းဆုံအနီးရှိ “ရွှေမောင်း” လက်ဖက်ရည်ဆိုင်၌

စာမျက်နှာ ၁၇ သို့ ✪













ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ထုပ်ပိုးမှုပုံစံများ





လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးလမ်းမပေါ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် ယာဉ်နှင့် သိုဝှက်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၊ သမစိတ္တကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့သည့် တရားခံများနှင့် မူးယစ်ဆေးဝါးများ မှတ်တမ်းဓာတ်ပုံ။





မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်နှင့် နေအိမ်အတွင်း သိုဝှက်ထားသည့် မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ မူးယစ်ဆေးဝါး(ကတ်တမင်း) ထုပ်ပိုးမှုပုံစံ။

✪ စာမျက်နှာ ၁၆ မှ

မူးယစ်ဆေးဝါး သယ်ဆောင်မည့် ယာဉ်အား ငှားရမ်းချိတ်ဆက်ပေးသည့် ဇော်ဝင်းထွန်းနှင့် ဆန်းထွန်းကျော်တို့ နှစ်ဦးကိုလည်းကောင်း၊ ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်၌ မူးယစ်ဆေးဝါးများ သိုလှောင်သိမ်းဆည်းပေးသူ ဇော်လင်း၊ စောဇင်မင်းဟန်တို့ကို အိုက်စ် ၁၉၉၉ ကီလိုဂရမ် (တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်) နှင့် အတူလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိ**

ဖမ်းဆီးရမိသူများ၏ ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများအား သုံးခွမြို့နယ် သမ္မစိတ္တကမ်းခြေမှ မလေးရှားနိုင်ငံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေး ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၇ ရက်တွင် သမစိတ္တကျေးရွာအနီးရှိ နေအိမ်ဂိုဒေါင်၌ ဂိုဒေါင်ပိုင်ရှင်ဖြစ်သူကျော်နိုင်နှင့် မူးယစ်ဆေးဝါး သယ်ဆောင်ပေးခဲ့သည့် ယာဉ်မောင်း/ ယာဉ်မောင်းအကူများဖြစ်သော သက်ပိုင်ဦး၊ ရဲကို၊ ဟိန်းထက်စိုး၊ ထက်နေလင်း၊ ဇင်မင်းလှိုင်၊ ဝေဖြိုးအောင်တို့ကို ကတ်တမင်း ၂၁၉၈ ကီလိုဂရမ် (တန်ဖိုးငွေကျပ် ၁၀၉ ဘီလီယံခန့်) နှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် FUSO MITSUBISHI အဖြူရောင်ယာဉ် တစ်စီး၊ NISSAN VANETTE အဖြူရောင်ယာဉ် တစ်စီး၊ HYUNDAI PORTER အဖြူရောင်ယာဉ် တစ်စီးတို့နှင့် အတူလည်းကောင်း၊ လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာ၌ မူးယစ်ဆေးဝါး သယ်ဆောင်မည့် ယာဉ်မောင်းများအား ချိတ်ဆက်ပေးသူ စိုးမင်းပိုင်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး သတင်းဆက်အရ စက်တင်ဘာ ၂၈ ရက်တွင် လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် Smile World Spa ဆိုင်၌ မူးယစ်ဆေးဝါးများ သိုလှောင်သိမ်းဆည်းပေးသူ ခင်မောင်တွတ်ကိုလည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်တွင် တွံတေးမြို့နယ် ဘုရားငူကျေးရွာ၌ တင့်နိုင်ထွန်းအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ၁၆ ဦး၊ ယာဉ်လေးစီးနှင့် အိုက်စ် ၃၄၃၈ ကီလိုဂရမ်၊ ကတ်တမင်း ၂၁၉၈ ကီလိုဂရမ် စုစုပေါင်းမူးယစ်ဆေးဝါး (တန်ဖိုးငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်) ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ကာလိမြို့နေ စိုင်းနော်ခမ်း(ခ)ကိုစိုင်း (ဖမ်းဆီးရန်ကျန်)က ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသမှ မူးယစ်ဆေးဝါးများကို ရမည်းသင်းမြို့သို့ ပို့ဆောင်ပေးခဲ့ရာ ရမည်းသင်းမြို့မှ ရန်ကုန်မြို့သို့ အောင်ခန့်ကျော်နှင့် ထက်ဝေဖြိုးတို့က ဆက်လက်သယ်ဆောင်ခဲ့ကြောင်း၊ စိုင်းနော်ခမ်း(ဖမ်းဆီးရန်ကျန်)၏ စေခိုင်းချက်အရ ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ဇော်လင်း ငှားရမ်းထားသည့် ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာရှိ နေအိမ်၌ သိုလှောင်သိမ်းဆည်းထားစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများကို ခင်မောင်တွတ်က လှိုင်သာယာမြို့နယ်၌ ခေတ္တသိုလှောင် သိမ်းဆည်းပေးခဲ့ပြီး ၎င်းနေရာမှတစ်ဆင့် ပင်လယ်ကမ်းစပ်ဖြစ်သည့် သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ကျော်နိုင်၏ ဂိုဒေါင်သို့ ပို့ဆောင်သိုလှောင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ ကျော်နိုင်၏ထွက်ဆိုချက်အရ ဂိုဒေါင်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စီးပွားရေးတာဝန်ခံများဖြစ်သည့် ရဲဇော် (ဖမ်းဆီးရန်ကျန်)နှင့် ချစ်မင်း (ဖမ်းဆီးရန်ကျန်)တို့က ပင်လယ်ရေလမ်းကြောင်းဖြင့် မလေးရှားနိုင်ငံသို့ ဆက်လက်ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တရားခံပြေးများ အပါအဝင် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**






သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ငါးကုန်စည်ဒိုင်အဆောက်အအုံနှင့် ငါးသယ်ယူပို့ဆောင်သည့် ရေခဲပုံးများအတွင်း မူးယစ်ဆေးဝါးများ သိုဝှက်ထားသည့် မှတ်တမ်းဓာတ်ပုံ။





သုံးခွမြို့နယ် သမစိတ္တကျေးရွာရှိ ကုန်စုံဆိုင်တွင် ဆန်အိတ်များနှင့် ရောနှော၍ သိုဝှက်သိမ်းဆည်းထားသည့် မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။





လှိုင်သာယာမြို့နယ် ဂိုဒေါင်အဆောက်အအုံအတွင်းရှိ မူးယစ်ဆေးဝါးများ သိုဝှက်ထားခဲ့သည့် မြေအောက်အခန်းအား ရှာဖွေမှု မှတ်တမ်းဓာတ်ပုံ။




ဖမ်းဆီးရမိ NISSAN VANETTE အဖြူရောင်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။




ဖမ်းဆီးရမိ HYUNDAI PORTER အဖြူရောင်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။




ဖမ်းဆီးရမိ MITSUBISHI FUSO အဖြူရောင်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

❍ ပထမဆုဖလားမှ

အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ဒုတိယကျောင်းအုပ်ကြီးများ၊ မိဘဆွေမျိုး၊ မိတ်သင်္ဂဟများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားအောင်နိုင်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ အားကစားဝါသနာရှင် ပရိသတ်များက အိုးစည်၊ ဒိုးပတ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

အဆိုပါ အောင်ပွဲရမြန်မာ (ISPE FC) အမျိုးသားဘောလုံးအသင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ကျိုက္ကဆံ အားကစားကွင်း ဂိတ်နံပါတ်(၉)သို့ပြန်လည်ဝင်ရောက်ခဲ့ရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများက အောင်သပြေပန်းခက်များနှင့် ဂုဏ်ယူစွာဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# စစ်တွေမြို့၌ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပ



**စစ်တွေ အောက်တိုဘာ ၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို ယမန်နေ့ ညနေပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၊ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးနှင့် ရန်ပြေမာန်ပြေဘုရားကြီးတို့၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ပူဇော်ကြပြီး လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဆီမီးပူဇော်ရန် ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြပြီး ဆီမီးပူဇော်ပွဲသို့ တက်ရောက်ကြသည့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဦးဆောင်ကာ ဆီမီးထွန်းညှိပူဇော်ပေးကြပြီး စေတီတော်ရင်ပြင်၌ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ တပျော်တပါး မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် စစ်တွေမြို့ ဂဠုပရပ်ကွက်ရှိ ရန်ပြေမာန်ပြေဘုရားကြီးနှင့် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးတို့၌ ဆီမီးထွန်းညှိပူဇော်ထားမှုကို သွားရောက်ဖူးမြော်ကြပြီး ဘုရားကြီးရင်ပြင်၌ ဒေသခံပြည်သူများနှင့်အတူ မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

လောကာနန္ဒာစေတီတော်မြတ်ကြီး၊ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးနှင့် ရန်ပြေမာန်ပြေဘုရားကြီးတို့၌ ကျင်းပသော သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ၂၀၂၅ ခုနှစ် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်ဖြင့် ဈေးရောင်းပွဲတော်ကို ယမန်နေ့ည ၈ နာရီက အမှတ်(၇)ရပ်ကွက် ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန်-ညောင်တုန်းလမ်းရှိ ဘုရင့်နောင်တိုးချဲ့ပန်းခြံ၌ ကျင်းပသည်။

ထိုသို့ သီတင်းကျွတ်ကာလ ဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်ကို အင်းစိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဇော်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား five star အငြိမ့်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ၈၅ သိန်း ပေးအပ်ခဲ့သည်။ ထို့နောက် အင်းစိန်ခရိုင်အဖွဲ့ဝင်များက ပွဲတော်သို့ နေ့စဉ်တက်ရောက်ကြည့်ရှု အားပေးလျက်ရှိပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင် များ၊ မြို့ နယ် အ မျိုး သ မီး ရေး ရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဆရာမများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက် ပေးခဲ့ကြောင်းနှင့် ဖျော်ဖြေရေးတေးဂီတ DJ အဖွဲ့များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇလွန်မြို့နယ် စာရေးဆရာအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ



**ဇလွန် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စာရေးဆရာအသင်း၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းအောင် မြန်မာစာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲ အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်(မောင်ပြေငြိမ်း - ဇလွန်)က ဂုဏ်ပြုပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်တန်းအောင်မြန်မာစာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား မြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် (မောင်ပြေငြိမ်း-ဇလွန်) နှင့် စာရေး ဆရာအဖွဲ့ဝင်များက ဆုများ ပေးအပ်ခဲ့ကြသည်။ ယင်းနောက် အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့် (မောင်ပြေငြိမ်း - ဇလွန်)က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။**ဦးငွေ-ဇလွန်**

# ပွဲတော်ကာလအတွင်း ပြည်တွင်းထုတ်ကုန်ပစ္စည်းများ စိတ်ဝင်တစား လာရောက်ကြည့်ရှုအားပေးဝယ်ယူ



**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ပြုလုပ်သည့် ၂၀၂၅ ခုနှစ် သီတင်းကျွတ် ဈေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲတွင် ခင်းကျင်းပြသရောင်းချထားသည့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများအား ပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုအားပေး ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်း ထုတ်ကုန်တွေကို တော်တော်လေးစိတ်ဝင်စားကြတာတွေ့ရတယ်။ ဈေးဆိုင်တိုင်းလည်း လူတွေပြည့်နေတာပဲ၊ တော်တော်လည်း စည်ကားပါတယ်။ အခုပြပွဲမှာ မြန်မာနိုင်ငံ ဖိနပ်လုပ်ငန်းရှင်များ အဖွဲ့ချုပ်ကနေ ဖိနပ်အမျိုးအစားပေါင်း ၅၀ ကျော် ခင်းကျင်းရောင်းချပါတယ်။ တစ်နေ့ကို ၁၅ သိန်းနဲ့အထက် ရောင်းရတယ်၊ ဒီလိုပွဲတွေလုပ်ပေးတာ အလွန်ကျေးဇူးတင်တယ်၊ အခုလို SME အဖွဲ့တွေနဲ့လည်း တွေ့ခွင့်ရတယ်။ နီးနေ့ဖလှယ်ခွင့်ရတယ်။ ဒါတွေက အမြတ်တွေပါပဲ"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကံညွန့်က ပြောသည်။

အဆိုပါပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ပြည်သူများ စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာဖြင့် ဂီတဖျော်ဖြေမှုများကို ကြည့်ရှုခံစားရင်း ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ရေး၊ ထုတ်လုပ်ပြသရောင်းချသူများ အနေဖြင့် တစ်ဦးနှင့်တစ်ဦး မိမိထုတ်ကုန်ပစ္စည်းများကို ကောင်းစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**ဖွင့်လှစ်ရောင်းချ**

အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ လေးရက်တိုင်ကျင်းပခဲ့သည့် အဆိုပါပွဲတော်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ သမဝါယမဦးစီးဌာန စသည်တို့မှ ထုတ်ကုန်ပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ စက်မှုထုတ်ကုန်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်များနှင့် အစားအစာ အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများ၊ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များမှ ဖွင့်လှစ်ရောင်းချသည့် ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၆၂၀ ခင်းကျင်းရောင်းချခဲ့ကြောင်း သိရသည်။

**စိမ်းခက်**

# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



**မကွေး အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြန်မာ့သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မြသလွန်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ အောက်တိုဘာ ၁ ရက်မှ ၂၀ ရက်အထိ ရက်ပေါင်း ၂၀ ကြာ အစဉ်အလာမပျက် ကျင်းပလျက်ရှိသည်။

အဆိုပါ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီး အထိမ်းအမှတ် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိ၊ ကပ်လှူပူဇော်ပွဲများအပြင် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် မကွေးမြို့ပေါ်ရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ သံဃာအပါး ၁၅၀၀ အားပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်သွားမည်ဖြစ်ကြောင်း၊ ဘုရားပွဲတော်အတွင်း ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ပြဇာတ်ရုံများ၊ ဒေသထွက်ကုန်အရောင်းဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်းရောင်းချပေးလျက်ရှိပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူ မိဘပြည်သူများဖြင့် နေ့စဉ် စည်ကားများပြားလျက်ရှိသည်။

ထို့ပြင် မြို့လယ်ရှိ ကန်သာမင်္ဂလာကန်တော်နှင့် မြို့ပေါ်အပန်းဖြေစရာနေရာများ၊ ကလေးကစားကွင်းများ၌လည်း မိသားစုလိုက်လာရောက်လည်ပတ်ကစားသူများဖြင့် ယခင်နှစ်များထက် စည်ကားလျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# သရက်ချောင်းမြို့၌ သီတင်းကျွတ်လမြတ်အခါသမယ မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်တင်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းဖြင့် စည်ကားလျက်ရှိ



**သရက်ချောင်း အောက်တိုဘာ ၇**

တနင်္သာရီ တိုင်းဒေသကြီး သရက်ချောင်းမြို့၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် အခါသမယ၌ သီတင်းကျွတ် မီးထွန်းပွဲတော် ကျင်းပခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ စေတနာရှင်မိသားစုတို့က စတုဒိသာကျွေးမွေးခြင်းကို မြို့မရပ်ကွက်ရှိ မြို့ဦးစေတီတော်ဝင်းတွင် စည်ကားစွာ ပြုလုပ်လျက်ရှိသည်။

**ပျော်ရွှင်စွာ ဆင်နွှဲခဲ့**

ဘုရားရှင်သည် တာဝတိံသာ နတ်ပြည်၌ မယ်တော်မိနတ်သားနှင့် နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရား ဟောကြားတော်မူပြီး ဝါတွင်းသုံးလကုန်ဆုံး၍ သီတင်းကျွတ်လပြည့်နေ့ညတွင် နတ်ဗြဟ္မာများ ဝန်းရံလျက် လူ့ပြည် သင်္ကဿနဂိုရ်မြို့သို့ ကြွဆင်းလာသည်ကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဘုရားရှင်အား ကြိုဆိုဦးခိုက်ပူဇော်သောအားဖြင့် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက် သုံးရက်တိုင် ဘုရား၊ စေတီများ၊ အိမ်များ၊ လမ်းများတွင် ဆီမီးများ၊ ရောင်စုံအလှမီးသီး၊ မီးချောင်းများဖြင့် မြို့ရွာ ရပ်ကွက်အလိုက် ဆီမီးပူဇော်ပွဲနှင့်မီးထွန်းပွဲများ၊ မီးပုံးပျံလွှတ်ခြင်းတို့ကို ပြုလုပ်ကြပြီး ရပ်ကွက်၊ ကျေးရွာအလိုက် အသင်းအဖွဲ့များ၊ စေတနာရှင်မိသားစုများက မဏ္ဍပ်များဖြင့် စတုဒိသာကျွေးမွေးခြင်း၊ ဘုရားစေတီပုထိုးများသို့ ဘုရားဖူးလာရောက်ကြသူများအား စတုဒိသာဖြင့် အလှူဒါနပြုခြင်း၊ ရပ်ကွက်လမ်းဆုံများ၌ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခြင်းဖြင့် သီတင်းကျွတ်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**နန်းခလိုက်(သရက်ချောင်း)**



# ဝန်းသိုမြို့ စတုဗုဒ္ဓမဟာအတုလစေတီတော်နှင့် ဟော်တော်ဦးစေတီတော်များအား ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်

**ဝန်းသို အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့၌ သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းက စတုဗုဒ္ဓမဟာ အတုလစေတီတော်မြတ်ကြီး(စော်ဘွားဘုရား)အား ဆီမီး ၁၀၀၀ ကပ်လှူထွန်းညှိပူဇော်ပွဲကို အဆိုပါစေတီတော်ရင်ပြင်တွင် ကျင်းပသည်။

ဆီမီးပူဇော်ပွဲတွင် နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ဟိန်းရန်လင်း၊ ကောလင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး အောင်မျိုးသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက စတုဗုဒ္ဓမဟာအတုလစေတီတော်နှင့် ဟော်တော်ဦးစေတီရင်ပြင်ပတ်ပတ်လည်တို့၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်၍ ကုသိုလ်ပြုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကံမမြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုကြသူ ပြည်သူများဖြင့် စည်ကား

**ကံမ အောက်တိုဘာ ၇**

သီတင်းကျွတ် လပြည့်နေ့ (အောက်တိုဘာ ၆ ရက်) ညနေပိုင်းတွင် သရက်ခရိုင် ကံမမြို့ရှိ ဘုရားစေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလျက်ရှိပြီး ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖူးမြော်ကြည်ညိုလျက်ရှိရာ ကံမမြို့ရှိ သမိုင်းဝင် ဆုတောင်းပြည့် စေတီတော်၊ ရွှေစည်းခုံ စေတီတော်၊ အောင်သိဒ္ဓိကန်လယ် ဘုရားနှင့် သက်တော်ရှည် သက်တော်ရ ဘုရားနှစ်ဆူ အစရှိသည့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်းနှင့် ဘုရားဖူး လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# မိုးညှင်းမြို့၌ ဘုရား၊ စေတီများတွင် ဆီမီးများထွန်းညှိပူဇော်ကြခြင်းနှင့် ဘုရားဖူးလာရောက်သူများဖြင့် စည်ကား

**မိုးညှင်း အောက်တိုဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့ပေါ်ရှိ အထင်ကရဘုရားများဖြစ်သည့် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီးနှင့် မြသိန်းတန်ဘုရားအပြင် အခြားစေတီများတွင်လည်း သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ဆီမီးများထွန်းညှိပူဇော်ကြခြင်းနှင့် ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ် လပြည့်ညတွင် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်ရှိ မြို့ကျက်သရေဆောင် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဘုရားကြီးနှင့် မြို့မရပ်ကွက်ရှိမြသိန်းတန်ဘုရားကြီးဝင်းတို့တွင် ဘုရားသို့ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ဘုရားဖူးပြည်သူများကလည်း ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ ဘက်စုံအလှူငွေများ ပါဝင်လှူဒါန်းခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ငါးအစာကျွေးခြင်း၊ ဘုရားဝတ်ရွတ်အသင်းက ဝတ်ရွတ်ပူဇော်ကြခြင်းနှင့် ဥပုသ်သီလဆောက်တည်ကြခြင်းများအပြင် ဘုရားဖူး ပြည်သူများအား အလှူရှင်များက စတုဒိသာအဖြစ် ရိုးရာဝလေ့မုန့်များနှင့် အအေးများ တိုက်ကျွေးခြင်းများကို နှစ်စဉ် ရိုးရာမပျက် ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ရွှေမိုးညှင်း**

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- မဲဆန္ဒရှင်တစ်ဦးသည် မိမိ၏အိမ်ထောင်စုလူဦးရေစာရင်း၊ ပုံစံ (၆၆/၆) ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု မဲစာရင်းတွင်သာ မိမိ၏အမည် ပါဝင်မည်ဖြစ်သည်၊
- မဲစာရင်းများကပ်ထားကြေညာသည့်အခါ သွားရောက်ကြည့်ရှုပြီး မဲစာရင်း၌ မိမိအမည် ပါဝင်ခြင်း မရှိလျှင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် အခြား အချက်အလက်များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ (၄) ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာ ပုံစံ(၄-က)ဖြင့်လည်းကောင်း မဲစာရင်းထုတ်ပြန် ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည်ပါရှိနေပါက လက်ရှိ နေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် မဲဆန္ဒနယ်တွင်သာ မဲပေးရမည်။ အခြား မဲဆန္ဒနယ်၏ မဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက လက်ရှိနေထိုင်ရာ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ရှိသည့် ရပ်/ကျေးတွင်သာ မဲပေးရမည်။ အခြား ရပ်/ကျေးမဲစာရင်းမှ မိမိအမည်ကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက် အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ် ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက် အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာ ချက်အမှတ် (၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက် အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင် သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ဘုတ်ပြင်းမြို့နယ်အတွင်း သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာများ၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိ

**ဘုတ်ပြင်း အောက်တိုဘာ ၇**

တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက် ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်း များဖြစ်သော ပုံစံ (၁)၊ (၁- က) များကို စက်တင်ဘာ ၃၀ ရက်မှ စတင်၍ ကပ်ထားကြေညာ လျက်ရှိရာ ပြည်သူများက စိတ်ပါ ဝင်စားစွာ လာရောက်ကြည့်ရှု လျက်ရှိကြောင်း သိရသည်။



မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင် ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်း ဆိုခြင်း၊ မပါဝင်သင့်သူများပါဝင် နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက် ခြင်း၊ မဲစာရင်းပါအချက်အလက် များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း များကို ဆောင်ရွက်ရမည်ဖြစ် ကြောင်းနှင့် လိုအပ်သောပုံစံများ ကိုလည်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံး များတွင် အခမဲ့ထုတ်ယူနိုင် ကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကပ်ထား ကြေညာခြင်းများကို ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၁၉ အုပ်စုတို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက် ထိ ၁၄ ရက်ကြာ ကြေညာထားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများစာရင်း ကပ်ထားကြေညာ

**ရန်ကုန် အောက်တိုဘာ ၇**

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ ဆန္ဒမဲပေးနိုင်ရန်အတွက် မိမိတို့မဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်များ၌ ပထမအကြိမ် ကြေညာထားရှိပြီး မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မဲစာရင်းတွင် မိမိအမည်စာရင်းပါ/မပါ၊ မဲစာရင်းပါအချက် အလက်များ မှားယွင်းမှု ရှိ/မရှိကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ကြေညာထားလျက်ရှိရာ ယနေ့ နံနက် ၇ နာရီမှစတင်ကာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိ တို့ရပ်ကွက်တွင် မဲစာရင်းကြေညာထားရှိမှုအား မိမိတို့၏ နိုင်ငံသားအခွင့် အရေး မဆုံးရှုံးစေဖို့ဆန္ဒမဲပေးနိုင်ရန်အတွက်ပြည်သူများ နေ့စဉ်လာရောက် ကြည့်ရှုလျက်ရှိကြောင်း သိရသည်။ **သန်းသန်းအေး(ပြန်/ဆက်)**





## နောင်မွန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှု

**နောင်မွန်း အောက်တိုဘာ ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ် ၌ ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအသီးသီး၌ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကပ်ထားကြေညာ လျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုလျက် ရှိကြောင်း သိရသည်။

နောင်မွန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ ကျေးရွာ ပေါင်း ၅၃ ရွာတွင် မဲရုံပေါင်း ၂၁ ရုံဖြင့် ကျင်းပမည် ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ လာရောက်မဲပေးနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ မြို့သစ်(အရှေ့ပိုင်း) မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည့် ပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲဆန္ဒ ရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အသီးသီး၌ ကပ်ထားကြေညာ လျက်ရှိရာ ပြည်သူများ လာရောက် ကြည့်ရှုလျက်ရှိကြောင်း သိရသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ရပ်ကွက် ၄၂ ရပ်ကွက်၊ ကျေးရွာ အုပ်စု သုံးအုပ်စုတွင် မဲရုံပေါင်း ၉၆ ရုံဖြင့် ကျင်းပမည်ဖြစ်ပြီး မဲဆန္ဒရှင် ပြည်သူများ လာရောက်မဲပေးနိုင် ရေးအတွက် ဌာနဆိုင်ရာများနှင့် ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲဝင်များ က ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **အေးမဥ္ဇူ**



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လူထုအသိပညာပေး "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" ဆိုင်းဘုတ်စိုက်ထူပွဲများ ကျင်းပ

**ပဲခူး**

ပဲခူးမြို့ တောင်ငူလမ်းနှင့် ဆေးရုံလမ်းထောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့၌ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာ စိုက်ထူခြင်းအခမ်းအနား ကျင်းပသည်။

ဦးစွာ ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူခြင်း ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချို၊ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် ရပ်မိရပ်ဖ ဦးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**စက်ခလုပ်နှိပ်ဖွင့်လှစ်**

ထို့နောက် ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်လွင်တို့က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေပေးခဲ့သည့် ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ တိုင်းရင်းသားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**





**ပေါင်းတည်**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို အောက်တိုဘာ ၇ ရက်က လူစည်ကားရာနေရာ ဈေး(၂) ရပ်ကွက် ရန်ကုန်လမ်း သာသနာ့ဗိမာန်အနီး၌ ကျင်းပသည်။

ထိုသို့ အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင် ကိုယ်စား အဖွဲ့ဝင်များနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" ဟူသောဆောင်ပုဒ်ပါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လူထုအသိပညာပေးဆိုင်းဘုတ်ကို သတ်မှတ်နေရာ၌ စိုက်ထူကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**တောင်ငူ**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ တောင်ငူမြို့ ရန်ကုန်-မန္တလေးလမ်း မိုင်ဒါကွင်းရှေ့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက်က ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ကျော်တို့က ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ကြံခင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်နှင့် ဘက်ရဲမြို့တို့တွင် မဲဆန္ဒရှင်အသိပညာပေး မြေစိုက်ပိုစတာအား အောက်တိုဘာ ၇ ရက်က လမ်းမတော်လမ်းနှင့် မသနော လမ်းဆုံတို့၌ စိုက်ထူကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" မဲဆန္ဒရှင် အသိပေး မြေစိုက်ပိုစတာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့်အတွင်းရေးမှူး ရဲမှူးကြည်စိုး၊ အဖွဲ့ဝင် ဗိုလ်မှူးသောင်းထွဋ်လွင်နှင့် အဖွဲ့ဝင်များ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြေစိုက်ပိုစတာအား စုပေါင်းစိုက်ထူသည်။

အလားတူ ဘက်ရဲမြို့ မြို့အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးထွန်းထွန်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက မဲဆန္ဒရှင်အသိပညာပေး မြေစိုက်ပိုစတာအား စုပေါင်းစိုက်ထူခဲ့ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**



**မင်းတုန်း**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပိုစတာ ကို အောက်တိုဘာ ၇ ရက်က မင်းတုန်းမြို့ အမှတ်(၄) ရပ်ကွက် လမ်းမတော်လမ်း၌ စိုက်ထူသည်။

အဆိုပါ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပိုစတာ စိုက်ထူပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဌာနဆိုင်ရာတာဝန်ခံများ တက်ရောက်ကြပြီး ပိုစတာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(NRDC)**





**ဝေါ**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲနှိုးဆော် အသိပညာပေးဆိုင်ရာ "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" မြေစိုက်ပိုစတာ စိုက်ထူခြင်းကို အောက်တိုဘာ ၇ ရက်က ရန်ကုန်-မော်လမြိုင် ကားလမ်းဘေး မြို့နယ်အဝင်ဂိတ်၌ ဆောင်ရွက်သည်။

မြေစိုက်ပိုစတာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဒေါ်အေးစန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါတီကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ မြေစိုက်ပိုစတာအား ဝေါမြို့ ရန်ကုန်-မော်လမြိုင် ကားလမ်း မြို့နယ်အဝင်ဂိတ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့တို့တွင် စိုက်ထူခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**မိုးကောင်း**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အထောက်အကူဖြစ်စေရေး ပြည်သူလူထုအတွက် ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးခြင်းဆိုင်ရာ"နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့"ဆောင်ပုဒ်ပါ မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားများကို အောက်တိုဘာ ၇ ရက်က မိုးကောင်းမြို့တော်ခန်းမ ပြည်ထောင်စုလမ်းမဆုံ၌ ဆောင်ရွက်သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ပြီး မြေစိုက်ပိုစတာအား အမွှေးနံ့သာများ ဖျန်းပက်ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# ပြောင်းလဲလာသောရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှု

ကိုဘုန်း(ထုတ်လုပ်)

လူနှင့် သဘာဝသည် ကမ္ဘာဦးအစကပင် ခွဲခြား၍မရသော ဆက်သွယ်မှုတစ်ရပ်ရှိခဲ့သည်။ သဘာဝသည် ကျွန်ုပ်တို့အား အသက်ရှင်ရန် အခြေခံလိုအပ်ချက်များကို ပေးစွမ်းသလို တစ်ခါတစ်ရံတွင် ကြောက်မက်ဖွယ်ကောင်းသော ဒဏ်ခတ်မှုများကိုလည်း ချမှတ်တတ်သည်။ လေပြင်းကြီးများ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ရေကြီးမှုများသည် လူသားတို့၏ များပြားလှသော ယဉ်ကျေးမှုများကို ချောက်ချားဖွယ်ရာ ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ သဘာဝဖြစ်စဉ်တစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများ၊ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရသည့် ဘေးဒဏ်များကို ခေါ်ဆိုသည်။ ဤဖြစ်စဉ်များသည် လူ့ထိန်းချုပ်မှုမှ လွတ်ကင်းကာ မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို ကြုံတွေ့နိုင်သည်။ သို့ရာတွင် လူသားများ၏ သဘာဝပတ်ဝန်းကျင်ကို ပြောင်းလဲမှုများ (ဥပမာ – သစ်တောပြုန်းတီးမှု၊ ရာသီဥတုပြောင်းလဲမှု)သည် ဤဘေးအန္တရာယ်များ၏ ပြင်းထန်မှုနှင့် ကြိမ်ဖန်များစွာဖြစ်ပွားမှုကို ပိုမိုမြင့်တက်စေနိုင်သည်။ ထို့အပြင် လူနှင့် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း၊ အပင်ရောဂါကြောင့်ဖြစ်စေ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ ပျိုးခင်းစိုက်ခင်းများ ပျက်စီးခြင်း၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ ရေနံနှင့် သဘာဝဓာတ်ငွေ့ယိုဖိတ်မှုကြောင့်ဖြစ်စေ စက်မှုလုပ်ငန်းနှင့် အဏုမြူကြောင့်ဖြစ်စေ ပြည်သူတို့၏ အခြေခံအဆောက်အအုံများ၊ အသက်အိုးအိမ်ပစ္စည်း၊ အသက်မွေးလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးကို ထိခိုက်ပျက်စီးမှုများလည်း ပါဝင်သည်။ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုအသိုင်းအဝိုင်းများ၏သာယာဝပြောရေးကိုအာမခံရန်အတွက်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် အလွန်အရေးကြီးပါသည်။ သဘာဝဘေးဆိုသည်မှာ ရှောင်ပြေး၍မရနိုင်သော ဖြစ်စဉ်ဖြစ်သဖြင့် ထိရောက်သော သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခြင်းဖြင့် အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများကို သိသိသာသာ လျှော့ချနိုင်ပါသည်။

**အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်**
**ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် နှစ်စဉ်ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အလေးထားပြီး ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အထိ ဆယ်နှစ်တာကာလကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ချရေးဆယ်စုနှစ် (The International Decade for Natural Disaster Risk Reduction – IDNDRR)အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထိုသို့ ဆယ်စုနှစ် အကောင်အထည်ဖော် ဆောင်ရွက်သော်လည်း ဘေးအန္တရာယ်များကြောင့် ထိခိုက်ခံရမှုများ သိသာစွာလျော့နည်းသွားမှုများမရှိသည့်အတွက် ဆယ်စုနှစ်အစီအစဉ် အကောင်အထည်ဖော်နေဆဲကာလဖြစ်သည့် ၁၉၉၄ ခုနှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ပထမဆုံးအကြိမ် ကမ္ဘာ့ညီလာခံကိုကျင်းပပြီး ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ လျော့ပါးရေးတို့နှင့်ပတ်သက်သည့် ယိုကိုဟားမား မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ် ကမ္ဘာ့ညီလာခံကို ဂျပန်နိုင်ငံ ယိုဂိုမြို့၌ ကျင်းပခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် ကမ္ဘာလုံးဆိုင်ရာ အသိပညာနှင့် လုပ်ဆောင်ချက်များကို မြှင့်တင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၉ ခုနှစ်မှစ၍ အောက်တိုဘာလ ၁၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (IDNRR) အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့နောက် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ယိုဂိုမူဘောင် (၂၀၀၅–၂၀၁၅) ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် မတ်လတွင် တတိယအကြိမ် ကမ္ဘာ့ညီလာခံကိုကျင်းပခဲ့ပြီး ဆန်ဒိုင်းမူဘောင် (၂၀၁၅–၂၀၃၀) ကိုလည်းကောင်း အသီးသီး ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြပါသည်။

> **ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ပြင်ဆင်မှုကို မြှင့်တင်ပေးနိုင်သည်။ ထိရောက်သော ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများ ထားရှိခြင်းသည် ဒေသခံပြည်သူများအား စိတ်အေးချမ်းမှု ရရှိစေပြီး ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် စိုးရိမ်ပူပန်မှုများကို လျှော့ချပေး**

> **ကြိုတင်သတိပေးစနစ်များ၊ မြှင့်တင်ထားသော အဆောက်အအုံများနှင့် ရပ်ရွာမှ ကြိုတင်ပြင်ဆင်မှုအစီအစဉ်များကဲ့သို့သော ထိရောက်သည့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများသည် ဘေးအန္တရာယ်များအတွင်း အသက်ကယ်ဆယ်ရန်နှင့် ထိခိုက်ဒဏ်ရာရသူအရေအတွက်ကို လျှော့ချရန်ကူညီပေးပြီး အကျပ်အတည်းများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် ဆေးဘက်ဆိုင်ရာအဆောက်အအုံများနှင့် အရေးပေါ်ဝန်ဆောင်မှုများ ကြိုတင်ပြင်ဆင်ထားခြင်းသည် ပြည်သူ့ကျန်းမာရေးကို ပိုမိုကာကွယ်ပေးနိုင်**

**ကြိုတင်ပြင်ဆင်ခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်ရန် ဆောင်ရွက်ခြင်း**

ကြိုတင်သတိပေးစနစ်များ၊ မြှင့်တင်ထားသော အဆောက်အအုံများနှင့် ရပ်ရွာမှကြိုတင်ပြင်ဆင်မှု အစီအစဉ်များကဲ့သို့သော ထိရောက်သည့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများသည် ဘေးအန္တရာယ်များအတွင်း အသက်ကယ်ဆယ်ရန်နှင့် ထိခိုက်ဒဏ်ရာရသူအရေအတွက်ကို လျှော့ချရန်ကူညီပေးပြီး အကျပ်အတည်းများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် ဆေးဘက်ဆိုင်ရာအဆောက်အအုံများနှင့် အရေးပေါ်ဝန်ဆောင်မှုများ ကြိုတင်ပြင်ဆင်ထားခြင်းသည် ပြည်သူ့ကျန်းမာရေးကို ပိုမိုကာကွယ်ပေးနိုင်ပါသည်။

လျှင်ဒဏ်ခံနိုင်သောဆောက်လုပ်ရေး (သို့မဟုတ်) ရေလွှမ်းမိုးမှုကာကွယ်ရေးကဲ့သို့ အန္တရာယ်လျော့ပါးရေးအဆောက်အအုံများကို အကောင်အထည်ဖော်ခြင်းသည် အိမ်များ၊ လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများပျက်စီးခြင်းမှ ကာကွယ်နိုင်ပြီး ရုပ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှုများကို အကာအကွယ်ပေးနိုင်သဖြင့် ပိုင်ဆိုင်မှုပျက်စီးခြင်းကို လျှော့ချနိုင်သည်။ ထို့ကြောင့် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ဘဏ္ဍာရေးဆိုင်ရာ အကျိုးသက်ရောက်မှုကို လျှော့ချပေးကာ စီးပွားရေးတည်ငြိမ်မှုနှင့် စဉ်ဆက်မပြတ်ဖြစ်ပေါ်မှုကို အထောက်အကူပြုပါသည်။ ပျက်စီးမှုကို ကြိုတင်တားဆီးခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးအတွက် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး သိသိသာသာလျော့ကျသွားနိုင်ပါသည်။

ပြည်သူလူထု၏ပူးပေါင်းဆောင်ရွက်မှုဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် ပြင်ဆင်မှုကို မြှင့်တင်ပေးနိုင်သည်။ ထိရောက်သော ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများ ထားရှိခြင်းသည် ဒေသခံပြည်သူများအား စိတ်အေးချမ်းမှုရရှိစေပြီး ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် စိုးရိမ်ပူပန်မှုများကို လျှော့ချပေးပါသည်။ ဒီရေတောနှင့် သစ်တောများ ထိန်းသိမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ကျန်းမာရေးကို အကျိုးရှိစေပါသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသည် နည်းပညာဆန်းသစ်တီထွင်မှုများကို တွန်းအားပေးပြီး ကဏ္ဍမျိုးစုံတွင် အသုံးချနိုင်သောတိုးတက်မှုများဆီသို့ ဦးတည်စေပါသည်။

**မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်**
**ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး ဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံသည် ယိုဂိုမူဘောင်နှင့် ဆန်ဒိုင်းမူဘောင်ပါ လုပ်ငန်းစဉ်များနှင့်အညီ နိုင်ငံ၏ ရေမြေသဘာဝနှင့် တည်ရှိမှုအနေအထားများအရ ဖြစ်ပွားလေ့ရှိသည့် ဘေးအန္တရာယ်များကို မိမိတို့တွင်ရှိသည့် အရင်းအမြစ်များနှင့် လိုက်လျောညီထွေသော လုပ်ငန်းစီမံချက်များ၊ ဖွဲ့စည်းဆောင်ရွက်မှုများဖြင့် စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၂၀၁၀ ပြည့်နှစ်မှစပြီး နှစ်စဉ်မပျက်ကျင်းပခဲ့ကာ ကမ္ဘာပေါ်တွင် ဘေးအန္တရာယ်ကျရောက်နိုင်ခြေနှင့် ဖြစ်ပွားနိုင်ခြေများပြားပြီး ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နေရာဒေသများ၊ သက်ရှိ၊ သက်မဲ့များ၊ သဘာဝပတ်ဝန်းကျင်များကို ဖျက်ဆီးခံရမှု၊ ထိခိုက်စေမှု၊ ဆုံးရှုံးစေမှုများမှ ကာကွယ်ပေးနိုင်ရန်၊ လျှော့ချပေးနိုင်ရန်၊ လျော့ပါးစေရန်အတွက်ပြီးခဲ့သည့် ဖြစ်စဉ်၊ ဖြစ်ရပ်များအပေါ် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး ကျယ်ပြန့်သည့် အသိပညာဖြန့်ဝေမှုလုပ်ငန်းစဉ်ကြီး ဖြစ်ထွန်းလာရေးကို ရည်မှန်းပြီး ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အမျိုးသားအဆင့်၊ ရပ်ရွာလူထုအဆင့် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများကို နိုင်ငံတကာကူညီထောက်ပံ့သူများ၊ အဖွဲ့အစည်းများဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုမှ ကောင်းမွန်တိုးတက်သည့်ရလဒ်ကောင်းများ ရရှိခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုစောင့်ကြည့်လေ့လာရေးစသော ကမ္ဘာမြေထိန်းသိမ်းရေးကိစ္စရပ်များကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ရာ ၁၉၇၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပထမအကြိမ် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံ (First UN Environmental Conference)၊ ၁၉၉၂ ခုနှစ်တွင် ကမ္ဘာမြေထိပ်သီးအစည်းအဝေး (World Earth Summit) စသော ညီလာခံများ၊ အစည်းအဝေးများကို မြန်မာနိုင်ငံက တက်ရောက်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (Climate Change Convention)၊ ကျိုတိုသဘောတူစာချုပ် (Kyoto Protocol)၊ Bali Roadmap ၊ ပါရီသဘောတူညီချက် (Paris Agreement)အစရှိသည့်စာချုပ်များ၊ သဘောတူညီချက်များစွာကို ကမ္ဘာ့နိုင်ငံအများစုနှင့်အတူ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေအများဆုံးဖြစ်သည့် အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအား ဦးစားပေးကူညီရမည်ဟု ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်များသည် လူသားတို့အတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ သို့သော် ဤဘေးဒဏ်များကို ကြောက်ရွံ့ထိတ်လန့်နေရန် မလိုအပ်ပါ။ နည်းပညာတိုးတက်လာသည်နှင့်အမျှ ခန့်မှန်းတွက်ဆမှုစွမ်းရည်နှင့် ကြိုတင်ပြင်ဆင်နိုင်မှုစွမ်းရည်တို့လည်း မြင့်တက်လာသည်။ သဘာဝတရား၏ စွမ်းအားကို နားလည်လိုက်နာကာ စနစ်တကျ ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ကျွန်ုပ်တို့သည် မလွဲမသွေ ကျရောက်လာမည့် သဘာဝ၏စမ်းသပ်မှုများကို စုစည်းညီညွတ်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လူသားတိုင်းသည် သဘာဝဘေးအန္တရာယ်မကျရောက်မီကပင် အားလုံးအတူတကွပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မလွဲမသွေပြုလုပ်ရန် လိုအပ်ပါကြောင်းကို ရေးသားလိုက်ရပါသည်။ ။

**ကိုးကား –** **နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာ**
**https://iddrr.undrr.or**

# မြစ်ကြီးနားမြို့၌ ရွေးကောက်ပွဲနှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနား ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန် ပြည်သူလူထုအတွက် ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးခြင်းဆိုင်ရာ မြေစိုက်ပိုစတာများ စိုက်ထူဖွင့်လှစ်ခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ပေါ် ရပ်ကွက်များတွင် ဆောင်ရွက်ကြသည်။

အခမ်းအနားများသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့ကြပြီး မြစ်ကြီးနားမြို့ ဧရာရပ်ကွက်အတွင်း မြို့နယ်စုပေါင်းရုံးရှေ့ ဇော်ဂျွန်းလမ်းပေါ်တွင် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်သူလူထုအား ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့မဲပေးကြပါစို့"ဟု အသိပညာပေး နှိုးဆော်စာသားများပါဝင်သည့် မြေစိုက်ပိုစတာအား ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့အဆင့်ဆင့်အနေဖြင့်လည်း မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိသည့်အတွက် မဲရုံအလိုက်မဲစာရင်းများကို မဖြစ်မနေ သွားရောက်ကြည့်ရှုပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မြေစိုက်ပိုစတာတွင်ပါသည့်အတိုင်း "နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့မဲပေးကြပါစို့"ဟု အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ပြည်နယ်မီးသတ်တပ်ဖွဲ့ရုံးအနီး၌ သခင်နက်ဖေလမ်းနှင့် ပြည်ထောင်စုလမ်းဆုံနေရာ၌ စိုက်ထူထားသည့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ကြရာ အဆိုပါ မြေစိုက်ပိုစတာ ဆိုင်းဘုတ်အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

အဆိုပါ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူလူထုအသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူပွဲများတွင် တက်ရောက်လာကြသည့် ပြည်နယ်/ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကော်မရှင်အရာရှိများ၊ ဌာနဆိုင်ရာအသီးသီးမှ အရာထမ်း/အမှုထမ်းများ၊ ပညာရေးဒီဂရီကောလိပ်နှင့် သူနာပြုသားဖွားသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်း ပေးအပ်



**နေပြည်တော် အောက်တိုဘာ ၇**

ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကို၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ် နယ်မြေများတွင် တရားမဝင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်အာဖရိက နိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသား သုံးဦးနှင့် ရုရှားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦးတို့အား မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးခဲ့သည်။

**မှာကြား**

ပြည်နှင့် လွှဲပြောင်းပေးရေး လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilya Ilin နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ Deputy Chief of Mission Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၁၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပ နိုင်ငံသား ၁၀၂ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်း လောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်း ဖော်ထုတ်အရေးယူမှုများကို ဆောင်ရွက်လျက်ရှိပြီး အကြောင်း အမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသည့် နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်

**မိတ္ထီလာ အောက်တိုဘာ ၇**

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့နယ် ဥယျာဉ်ကုန်းကျေးရွာ၌ ဥယျာဉ်ကုန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာကောသလ္လဦးစီးဆောင်ရွက်ခဲ့သော ကိုယ်ထူကိုယ်ထ ကျေးရွာကွန်ကရစ် လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းကျေးရွာ လမ်းသစ်အား ဟံလင်းမဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဝင် ဦးကျော်ဇေယျနှင့်၊ တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ) စက်ရုံမှူး ဗိုလ်ကြီး နိုင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ဖြူးမြို့နယ်၌ ရွေးကောက်ပွဲအသိပညာပေး ကြော်ငြာဘုတ်စိုက်ထူ

**ဖြူး အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေးလမ်းဘေး ကားဝင်းအနီး၌ "နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးကြပါစို့" အသိပညာပေး ကြော်ငြာဘုတ်စိုက်ထူသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ကြော်ငြာဘုတ်စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



ဆက်လက်၍ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် မဲဆန္ဒရှင်ပြည်သူများကြည့်ရှုနိုင်ရေး မဲဆန္ဒရှင်စာရင်း ကြေညာထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဘားအံမြို့၌ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်၊ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် စည်ကား

**ဘားအံ အောက်တိုဘာ ၇**

ပြည်နယ်သြဝါဒါစရိယ ဖွဲ့ကပင်တောင်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကဝိဓဇအမှူးပြုသော ဆရာတော်၊ သံဃာတော်များသည် ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့၊ အောက်တိုဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက ဘားအံမြို့ မဲဘောင်ကျောင်းတိုက်၌ သံဃပဝါရဏာပြုတော်မူကြရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ကဦးစီး၍ တပည့်ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ သံဃပဝါရဏာသိမ်ဆင်းလောင်းလှူကြသည်။

**စုပေါင်းလောင်းလှူ**

ဘားအံမြို့ မဲဘောင်ကျောင်းတိုက် သိမ်တော်ကြီးအတွင်း ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သြဝါဒါစရိယဆရာတော်ကြီးများ၊ သံဃာတော်များက ပဝါရဏာပြုတော်မူကြပြီး ပဝါရဏာပြုပြီးသည့် ဆရာတော်၊ သံဃာတော်များအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်ရှိ



စေတနာရှင်၊ အလှူရှင်များက သိမ်ဆင်းလောင်းလှူကြရာ စုစုပေါင်း ရဟန်း၊ သံဃာ၊ သာမဏေ ၃၃၈ ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ စုပေါင်းလောင်းလှူကြသည်။

ဆက်လက်၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဆီမီး ၉၀၀၀ ဆက်ကပ်ပူဇော်ပွဲကို ဘားအံမြို့ အမှတ်(၁)ရပ်ကွက် သေဋ္ဌမာရ်အောင် ဘုရားကြီးရင်ပြင်တော်၌ ည ၇ နာရီက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရဟန်း၊ ရှင်လူ၊ ခရီးသွားဧည့်သည် ဘုရားဖူးပြည်သူများ ပါဝင်ဆင်နွှဲကြပြီး စည်ကားသိုက်မြိုက်စွာ ဆီးမီးများထွန်းညှိပူဇော်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ကြ၍ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် သေဋ္ဌမာရ်အောင်ဘုရားကြီး ဆုတောင်းပြည့် ကောင်းမှုတော်စေတီတော်ဂြိုဟ်တိုင်များ၌ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး စေတီတော် အထက်ပစ္စယံတွင် ဆီမီးများ ထွန်းညှိပူဇော်ကြကာ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ စာသားပါ ဆီမီး ၉၀၀၀ ကို ဌာနဆိုင်ရာများ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဘုရားဖူးလာရောက်ကြသော ရဟန်း၊ ရှင်၊ လူ ပြည်သူများနှင့်အတူ ဆီမီးများထွန်းညှိပူဇော်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သီတင်းကျွတ်ကာလတွင် ပုဂံသို့ ယမန်နှစ်ထက် ခရီးသွားများ ပိုမိုဝင်ရောက်

**ရန်ကုန် အောက်တိုဘာ ၇**

ယခုနှစ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်ပွဲတော်ကာလတွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ယမန်နှစ်ထက် ခရီးသွားပိုမိုဝင်ရောက်ခဲ့ရာ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းခဲ့ကြောင်း သိရသည်။

ပုဂံတွင် ပွင့်လင်းခရီးသွားရာသီအစဖြစ်သည့် သီတင်းကျွတ်ပွဲတော်ကာလနှင့် ကျောင်းပိတ်ချိန်တွင် အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ နိုင်ငံတစ်ဝန်းမှ ခရီးသွားများဖြင့် အထူးစည်ကားခဲ့ရာ အဆိုပါရက်အတွင်း ဟိုတယ်များ အခန်းပြည့်သည့်အပြင် ဘုန်းတော်ကြီးကျောင်းများတွင်လည်း တည်းခိုသူများဖြင့် ပြည့်နေခြင်းကြောင့် အချို့မှာ ပုပ္ပားသို့ သွားရောက် တည်းခိုခဲ့ကြရပြီး အချို့မှာ ကားလမ်းဘေးတွင် ယာဉ်များပေါ်၌ ညအိပ်၍ ပုဂံတွင်လည်းပတ်ခဲ့ကြရသည်။

"ပုဂံမှာ ဒီနှစ်သီတင်းကျွတ်က မနှစ်ကထက် ခရီးသွားပိုပြီး ဝင်လာတာတွေ့ရပါတယ်။ အဖိတ်နေ့နဲ့ လပြည့်နေ့မှာ ထီးလိုမင်းလိုဂူဘုရားကို ဘုရားဖူးတစ်သောင်းကျော် ဝင်ရောက်ခဲ့ပြီး ဒီနေ့လပြည့်ကျော် တစ်ရက်နေ့မှာ ဘုရားဖူး ၈၀၀၀ ကျော် ဝင်လာတာတွေ့ရပါတယ်။ ပြည်တွင်းခရီးသွား များပါတယ်။ ပွဲတော်ကာလမှာ မိုးလေလွတ်ပြီး ခရီးသွား စည်စည်ကားကား ဝင်လာတဲ့အတွက် ဒေသခံတွေလည်း အလုပ်အကိုင်တွေ အဆင်ပြေကြလို့ ဝမ်းသာနေကြပါတယ်။ ပုဂံမှာ တကယ်တမ်း ခရီးသွားဝင်လာပြီဆိုရင် ဟိုတယ်တွေ မဆံ့တာတွေ့ရတယ်။ အဖိတ်နေ့နဲ့ လပြည့်နေ့ဆိုရင် ပုပ္ပားက တည်းခိုခန်းတွေမှာတည်းပြီး ပုဂံမှာလည်ပတ်ရတဲ့အထိ ခရီးသွားတွေစည်ကားခဲ့ပါတယ်"ဟု ထီးလိုမင်းလိုဂူဘုရားမှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

"ဒီနှစ် ခရီးသွားရာသီအစ ဖွင့်ပွဲလုပ်တယ်လို့ ပြောရမှာပါ။ အောက်တိုဘာ ၅ ရက်ကနေ ၇ ရက်အထိ ပုဂံကဟိုတယ်တွေ အခန်းပြည့်နေပြီး ၁၀ ရက်အထိ တည်းခိုသူမပြတ်တာ တွေ့ရပါတယ်။ မနှစ်က လပြည့်နေ့နောက်ပိုင်း ခရီးသွားနည်းသွားပြီး ဒီနှစ်မှာ ဒီနေ့အထိ ဘုရားဖူးတွေ စည်ကားနေပါတယ်။ နိုင်ငံခြားသား ခရီးသွားတော့ နည်းသေးတယ်။ ပွင့်လင်းရာသီဆိုရင် ဝင်လာနိုင်ပါတယ်။ ဘုရားဖူးများတဲ့အတွက် မြင်းလှည်းတွေ၊ အီးဘိုက်၊ ဆိုင်ကယ်နဲ့စက်ဘီးလည်း ငှားဖို့ မရှိအောင် အဆင်ပြေကြတာတွေ့ရတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ အဆင်ပြေကြတော့ ဒေသခံတွေ ပြုံးပျော်နေတာ တွေ့ရတဲ့အတွက် စိတ်ကြည်နူးရပါတယ်"ဟု ပုဂံဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ပုဂံယဉ်ကျေးမှု နယ်မြေရှိ အထင်ကရဘုရား၊ စေတီ ၁၈ ဆူတွင် ခရီးသွားများဖြင့် စည်ကားခဲ့ပြီး မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းရှိ ချောင်းကူးတံတား ရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့ရာ ဘုရားဖူးအချို့ ပြန်လှည့်မှုများရှိခဲ့သော်လည်း အချိန်မီ တံတားပြန်လည်ပြီးစီးမှုကြောင့် ပုဂံသို့ ခရီးသွားများ တဖွဲဖွဲ ဝင်ရောက်မှုဖြင့် သီတင်းကျွတ်ကာလသည် ဘုရားဖူးခရီးသွားများဖြင့် စည်ကားခဲ့ပြီး ဒေသခံများလည်း အရောင်းအဝယ်အဆင်ပြေခဲ့၍ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းခဲ့ကြောင်း သိရသည်။

**ဥသ**

**ဓာတ်ပုံ - ကိုလွင်**

# ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ခရီးသွားအပန်းဖြေလည်ပတ်သူများ စည်ကားများပြား

**ပြင်ဦးလွင် အောက်တိုဘာ ၇**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရား)၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်၊ ပိတ်ချင်းမြှောင် လိုဏ်ဂူတော်၊ ပွဲကောက်ရေတံခွန် ( BE . FALLS)၊ တရုတ်ဘုံကျောင်း၊ နီးဘုရားနှင့် ဓာတ်တော်ချိုင့် ရေတံခွန်တို့သို့ ခရီးသွားပြည်သူများ နှစ်စဉ်နှစ်တိုင်း လာရောက်ဘုရားဖူး လည်ပတ် အပန်းဖြေလျက်ရှိကြသည်။

ယခုအခါတွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ယခင်နှစ်များနှင့် မတူအောင်



သီတင်းကျွတ် ကာလတွင် အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ ဥယျာဉ်အတွင်း ညမီးရောင်စုံများဖြင့် အလှဆင်ထားပြီး မွန်းလွဲ ၂ နာရီမှစတင်၍ ည ၉ နာရီအထိ နိုင်ငံကျော်တေးသံရှင်များက သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ "Thadingyut's Night Poem" ပွဲတော်ကာလအတွင်း ဥယျာဉ် ညဘက်အလှကို တစ်မူထူးခြားစွာ ခံစားစေရန် ဥယျာဉ်အတွင်း မီးရောင်စုံများဖြင့် အလှဆင်ထားခြင်းကြောင့် နေ့ခင်းဘက်နှင့်မတူ ဆွဲဆောင်မှုရှိသည့် မြင်ကွင်းများကို တွေ့မြင်ကြရခြင်း၊ ညအလှကို ခံစားရင်း နိုင်ငံကျော် တေးသံရှင်များက သီဆိုဖျော်ဖြေတင်ဆက်မှုနှင့် အတူ ဓာတ်ပုံလှလှလေးများ ရိုက်ကူးစေခြင်း၊ ပြင်ဦးလွင်ဒေသထွက်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် Night Bazaar လေးကိုလည်း ဥယျာဉ်အတွင်း စီစဉ်ပေးထားမှုကြောင့် လာရောက်လည်ပတ် အပန်းဖြေသူများအတွက် အလွန်ပင်ဝမ်းသာပီတိဖြစ်စေကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ရတနာ
သစ်တော
ပြည့်
သွေးကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ


ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
" ကျန်းမာသန့်ရှင်း ရောဂါကင်းဖို့
ယင်လုံအိမ်သာ သုံးကြစို့။ "
ကျန်းမာရေးနဲ့
ညီညွတ်တဲ့
အိမ်သာ
အိမ်သာကျင်းကို
အဖုံးနဲ့ အုပ်ထားပါ။
အိမ်သာကို သုံးပြီးတိုင်း
ရေနဲ့ သန့်ရှင်းအောင်
ဆေးချပါ။
အိမ်သာကို သန့်ရှင်းရေး
ပုံမှန်ပြုလုပ်ပါ။
ယင်မနားအောင်နဲ့ ကျင်းထဲကို
ယင်မဝင်အောင် အိမ်သာခွက်ကို
အဖုံးဖုံးထားပါ။
အိမ်သာတက်ပြီးတဲ့အခါတိုင်း
လက်ကိုဆပ်ပြာနဲ့
စင်ကြယ်အောင် ဆေးကြောပါ။
အရွယ်မရောက်သေးတဲ့
ကလေးငယ်ရဲ့ မစင်တွေကို
အိမ်သာမှာသာ စွန့်ပစ်ပါ။
ကလေးငယ်တွေ အိမ်သာကို
အသုံးပြုတတ်အောင်
သင်ကြားပြသပေးပါ။
လုံ(၃)လုံအိမ်သာ သုံးကြပါ။
(ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ)

# ဒါနနှစ်မျိုး




ကျွန်တော်တို့သည် ယခုအခါ၌ ကုသလကမ္မပထမြောက်ကြောင်း တရားတို့ကို လေ့လာနေကြသည်။ ပြီးခဲ့သော အမှတ် (၂၇)က ပုညကြိယာဝတ္ထု ဆယ်မျိုးကို ဖော်ပြပြီးဖြစ်သည်။

ထိုပုညကြိယာဝတ္ထုဆယ်မျိုးကို အားထုတ်ပါကလည်း ကုသလကမ္မပထတရား ဆယ်ပါးဖြစ်သော သူ့အသက်သတ်ခြင်းမှရှောင်ကြဉ်မှု ပါဏာတိပါတဝိရတိ စသည်တို့ကဲ့သို့ ကုသိုလ်ကမ္မပထမြောက်သည်သာဖြစ်သည်။

ထိုပုညကြိယာဆယ်မျိုးအနက် ဒါနဟူသည် စေတနာဒါနနှင့် ဝတ္ထုဒါနဟူ၍ နှစ်မျိုးရှိသည်။စေတနာဒါနမှာ လှူချင်တန်းချင်သောဒါနပင်ဖြစ်သည်။ ထိုလှူချင်တန်းချင်သည့်စေတနာကို စေတနာဒါနဟုခေါ်ခြင်းဖြစ်သည်။ လှူဖွယ်ဝတ္ထုစသည်တို့ကိုမူ ဝတ္ထုဒါနဟုခေါ်သည်။

ထိုနှစ်မျိုးအညီရှိပါမှ ဒါနတစ်ခုအဖြစ် လှူဒါန်းနိုင်သည်။ လှူဖွယ်ဝတ္ထုရှိသည်။ သို့သော် လှူချင်တန်းချင်သည့် စေတနာမရှိသေးလျှင် အလှူဒါနမဖြစ်နိုင်သေး။ တစ်ခါ လှူချင်သည့်၊ လှူလိုသည့် စေတနာကဖြင့် မိမိမှာရှိပါလျက် လှူစရာလှူဖွယ်ဝတ္ထုက မိမိမှာ အဆင်သင့်မရှိသေးကလည်း အလှူဒါနတစ်ခု မဖြစ်နိုင်သေးချေ။ သို့ဖြင့် ဒါနဟူရာ၌ စေတနာနှင့် ဝတ္ထုဒါနနှစ်မျိုးစလုံးနှင့်ဆိုင်လေသည်။ သို့သော် ကမ္မပထမြောက်မှုဝယ် စေတနာဒါနက လိုရင်းဖြစ်သည်။

ထိုစေတနာဒါနသည် အလှူမလှူခင်ကဖြစ်နှင့်နေသော ပုဗ္ဗစေတနာ၊ လှူတုန်းတန်းလန်းမှာဖြစ်ပေါ်နေသော မုဉ္စစေတနာနှင့် လှူတန်းလို့ပြီးပြီးမှ ထိုအလှူကို သတိတရနှင့် ပြန်တွေးပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရသော အပရစေတနာဟူ၍ သုံးမျိုးရှိသည်။ ထိုသုံးမျိုးအနက် ပုဗ္ဗစေတနာနှင့် အပရစေတနာတို့သည် နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည့် စေတနာများဖြစ်သည်။

ထိုတွင် ထိုဒါနသည် ယုတ်ညံ့က ဟီနဒါန၊ အလယ်အလတ်ရှိက မဇ္ဈိမဒါန၊ အမွန်အမြတ်ဖြစ်က ပဏီတဒါနဟူ၍ ကွဲပြားသွားပြန်သည်။ ထိုခွဲခြားမှုသည် ဒါနတစ်ခုကိုပြုပြီးတိုင်း မိမိယခုပြုလိုက်သော အလှူဒါန၏အရည်အသွေးကို "စံ"ထိုးကြည့်နိုင်ခြင်းဖြစ်သည်။

အလှူပေးသည့်အခါ မိမိသန္တာန်၌ဖြစ်သော လိုလားမှု သဘောဆန္ဒ၊ ပိုင်းခြားသိမှုသဘော စိတ္တ၊ အားထုတ်မှုသဘော ဝီရိယ၊ ထိုးထွင်းသိမှု ထက်ထက်သန်သန်ရှိပါက ပဏီတဒါနဖြစ်တော့သည်။

ထို့ပြင် အကျော်အစောကိုမက်လို့၊ ဘဝစည်းစိမ်ကိုတောင့်တလို့၊ သူတစ်ပါးကိုနှိမ်ပြီး ကိုယ့်ကိုယ်ကိုယ် ချီးမြှောက်လိုလို့ လှူပါက ထိုအလှူသည် ဟီနဒါနဖြစ်ပါသည်။ တစ်ဖန် အလှူ၏အကျိုးကို ခံစားလိုလို့ လောကစည်းစိမ်အမျိုးမျိုးကို လိုချင်မက်မောလို့ မိမိတစ်ဦးတည်းသာ သံသရာမှ လွတ်မြောက်လိုလို့ ဟူသော စိတ်ထားမျိုးနှင့်လှူပါက မဇ္ဈိမဒါနဖြစ်သည်။

ထိုသို့မဟုတ်ဘဲ အလှူပေးရာ၌ ဘာအကျိုးကိုမျှ မမျှော်ကိုးဘဲ အလှူလှူမှုသည် ဘုရားစသော အရိယာသူတော်ကောင်းတို့၏ အစဉ်အလာ လုပ်ရိုးလုပ်စဉ်ပဲဟု နှလုံးသွင်းကာ လှူမှုမျိုး၊ မင်္ဂဖိုလ်ချမ်းသာကိုသာတောင့်တ၍ လှူမှုမျိုး၊ သံသရာလွတ်ရေး၌ ကိုယ့်အတွက်သာမက သတ္တဝါအားလုံးအတွက်ပါ ရည်မျှော်၍ လှူမှုမျိုးသည် ပဏီတဒါနမျိုး ဖြစ်သည်။ ထိုသို့ဖြစ်အောင် အတတ်နိုင်ဆုံး အားထုတ်ဖို့ လိုကြောင်း သတိထားရပေမည်။ ။

# အလှူခံနှစ်မျိုး၊ အလှူခံသံဃာ

ကျွန်တော်တို့သည် ပြီးခဲ့သောအခန်းက ပုညကြိယဝတ္ထု ဆယ်မျိုးအနက်မှ 'ဒါန' ဟူသော ပုညကြိယဝတ္ထုအကြောင်းကို အကျဉ်းအမြွက်မျှ လေ့လာပြီးဖြစ်သည်။

ထိုလေ့လာချက်အရ အလှူတစ်ခုခု လှူနိုင်ဖို့ အရေး အလှူရှင်တွင် စေတနာနှင့် ဝတ္ထုဒါနဟူသော ဒါနနှစ်မျိုးရှိနေမှ၊ ပြည့်စုံနေမှ အလှူကို လှူဖြစ်သွားကြောင်းကိုလည်း လေ့လာပြီးဖြစ်မည်။

သို့သော် ကျွန်တော်တို့မှာ ထိုစေတနာနှင့် ဝတ္ထုနှစ်မျိုး ပြည့်စုံနေရုံမျှဖြင့် အလှူတစ်ခုမဖြစ်နိုင်သေးချေ။ အကြောင်းက ကျွန်တော်တို့က စွန့်လွှတ်လိုက်ရသည့်ဒါနကို လက်ခံမည့် အလှူခံပုဂ္ဂိုလ် လိုနေသေးသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အလှူတစ်ခုခုကို လှူတော့မည် စိတ်ကူးတိုင်း ကိုယ့်ဘက်က စွန့်လွှတ်လှူဒါန်းလိုက်မည့် ဝတ္ထုပစ္စည်း စသည်ကို ခံယူမည့်အလှူခံကိုလည်း ရွေးချယ်စိစစ်တတ်ဖို့ လိုပြန်သေးသည်။

မြတ်စွာဘုရားက "ဝိစေယျ ဒါတဗ္ဗံ – အလှူကို ရွေးချယ်စိစစ်၍ လှူဖို့" ညွှန်ကြားတော်မူခဲ့သလို အလှူခံကိုလည်း အလှူပေးသူများအတွက် ပုဂ္ဂိုလ်အလှူခံနှင့် သံဃာဟူ၍ နှစ်မျိုးရှိကြောင်း ညွှန်ပြတော်မူခဲ့သည်။

တစ်ဆက်တည်းမှာပင် ဘုရားရှင်က ပုဂ္ဂိုလ်အလှူခံဖြစ်က ၁၄ မျိုးရှိပြီး တစ်မျိုးနှင့်တစ်မျိုး အလှူခံမှာ ဂုဏ်သိက္ခာမြင့်တက်သွားပြီး အလှူပေးသူများအတွက် အကျိုးပေးကွာသွားပုံကိုလည်း ဟောညွှန်တော်မူခဲ့ပေသည်။

ထိုသို့ ဘုရားရှင် ဟောညွှန်တော်မူခဲ့သော အလှူခံပုဂ္ဂိုလ် ၁၄ မျိုးဆိုသည်မှာ ၁။ တိရစ္ဆာန်၊ ၂။ သီလမရှိသောလူပုဂ္ဂိုလ်၊ ၃။ သောတာပန်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်နှင့် ကျင့်ပြီးပုဂ္ဂိုလ်ဟူ၍ နှစ်ယောက်၊ ၆။ သကဒါဂါမ်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်နှင့် ကျင့်ပြီးပုဂ္ဂိုလ်ဟူ၍ နှစ်ယောက်၊ ၇။ အနာဂါမ်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်နှင့် ကျင့်ပြီးပုဂ္ဂိုလ်ဟူ၍ နှစ်ယောက်၊ ၈။ ရဟန္တာဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်နှင့် ကျင့်ပြီးပုဂ္ဂိုလ်ဟူ၍ နှစ်ယောက်၊ ၉။ ပစ္စေကဗုဒ္ဓါနှင့် သမ္မာသမ္ဗုဒ္ဓဟူ၍ ဘုရားနှစ်ဆူ။ ပေါင်း ၁၄ မျိုးဖြစ်ပေသည်။

*(ဆောင်။ ။ဘုရားမြတ်စွာ၊ ပစ္စေကာနှင့်၊ ရိယာရှစ်ဝ၊ ဈာန်ရဗာဟီ၊ နှစ်လီပုထုဇဉ်၊ တိရစ္ဆာန်၊ လှူခံတစ်ကျိပ်လေး)။*

ထို ၁၄ မျိုးအနက် မုဆိုး၊ တံငါ၊ ခိုးဆိုးတိုက်ခိုက်၊ သတ်ဖြတ်လုယူ၍ အသက်မွေးဝမ်းကျောင်းနေသူ စသည်များသည် ဒု-သီလ သီလမရှိသော လူပုဂ္ဂိုလ်ဖြစ်သလို တရားသဖြင့် ကုန်သွယ် လယ်လုပ် စသဖြင့် အသက်မွေးဝမ်းကျောင်းနေသူများမှာ သီလဝန္တ-သီလရှိသော လူပုဂ္ဂိုလ်များဖြစ်ကြပေသည်။

အလားတူစွာပင် ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလများကို စောင့်ထိန်းနေသူများနှင့် သာမဏေများ၊ ရဟန်းတော်များ၊ တရားဘာဝနာ အားထုတ်နေသူများမှာ သောတာပန်ဖြစ်ရန် ကျင့်ဆဲပုဂ္ဂိုလ်များသာဖြစ်ကြပေသည်။

သို့ဖြင့် အလှူတစ်ခုခုကို စွန့်လွှတ်လှူဒါန်းတော့မည်ကြံရွယ်တိုင်း ပုဂ္ဂိုလ်အလှူခံကို ပေးလှူမှာဖြစ်လျှင် အထက်ပါ ၁၄ မျိုးအနက်မှ မိမိစိတ်ကြိုက် ပုဂ္ဂိုလ်အလှူခံကို ဝိစေယျ ဒါနံ- အလှူခံကို ရွေးချယ်လှူပါဟူသော ဗုဒ္ဓ၏အမိန့်အတိုင်း ရွေးချယ်လှူဒါန်းတတ်ရန် အရေးကြီးလှပေသည်။

ထိုစေတနာနှင့် ဝတ္ထုနှစ်မျိုး ပြည့်စုံနေရုံမျှဖြင့် အလှူတစ်ခု မဖြစ်နိုင်သေးချေ။ အကြောင်းက ကျွန်တော်တို့က စွန့်လွှတ်လိုက်ရသည့်ဒါနကို လက်ခံမည့် အလှူခံပုဂ္ဂိုလ် လိုနေသေးသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အလှူတစ်ခုခုကို လှူတော့မည်စိတ်ကူးတိုင်း ကိုယ့်ဘက်က စွန့်လွှတ်လှူဒါန်းလိုက်မည့် ဝတ္ထုပစ္စည်း စသည်ကို ခံယူမည့်အလှူခံကိုလည်း ရွေးချယ်စိစစ်တတ်ဖို့လို

## အလှူခံသံဃာ

ကျွန်တော်တို့သည် ပုညကြိယာဝတ္ထု ဆယ်မျိုးတွင် တစ်ပါးအပါအဝင်ဖြစ်သော 'ဒါန' နှင့်ပတ်သက်၍ လေ့လာနေကြရာ၌ ပုဂ္ဂိုလ်အလှူခံ တစ်ကျိပ်လေးယောက်ကို အကျဉ်းအမြွက်မျှ သိရှိပြီးဖြစ်သည်။

ထိုပုဂ္ဂိုလ် ၁၄ မျိုးသည် အလှူရှင်က မိမိ၏ ဒါနဝတ္ထုဟူသောမျိုးစေ့ကို စိုက်ပျိုးတော့မည်ဆိုလျှင် ထိုဒါနဝတ္ထုဟူသောမျိုးစေ့ကို ကြဲချစိုက်ပျိုးရာ လယ်ယာမြေများပင်ဖြစ်သည်။ ထို့ကြောင့် မိမိစိုက်ပျိုးမည့် လယ်ယာမြေ၏ မြေဩဇာကောင်း၊ မကောင်းကို ရွေးချယ်စိစစ်ပြီး စိုက်ပျိုးတတ်ဖို့ပင်ဖြစ်သည်။

တစ်ဖန် ဒါနဝတ္ထုဟူသော မျိုးစေ့အမျိုးမျိုးတို့ကို ကြဲချစိုက်ပျိုးရာ၌ မြေဩဇာကောင်း၊ မကောင်းဟူ၍ ရွေးချယ်နေစရာမလိုဘဲ အမြဲတမ်း မြေဩဇာကောင်း လျက်ရှိပြီး အမြဲတမ်း အကျိုးဖလ အနန္တတို့ကို ဖွံ့ဖွံ့ဖြိုးဖြိုးနှင့် ပေးလျက်ရှိသော လယ်ယာမြေနှင့်တူသော အလှူခံတစ်မျိုး ရှိပေသေးသည်။ ၎င်းအလှူခံမှာ သံဃာဟူသော အလှူခံပင်ဖြစ်သည်။

သို့ဖြင့် အလှူခံတစ်ကျိပ်လေး၌ ခွေးတောင်ပါသေးသည်။ အယုတ်အလတ်အမြတ် ရွေးနေစရာမလိုဟူသော အပြောနှင့်လှူသော အလှူမျိုးသည် ပုဂ္ဂိုလ်အရာဖြစ်က ရွေးချယ်ရမည်ဖြစ်ပြီး သံဃာကိုလှူရာ၌မူ အထက်ပါ ရွေးချယ်စရာမလိုဟူသော စကားနှင့် ညီပေသည်။

မှန်ပါသည်။ အလှူခံ အလဇ္ဇီဖြစ်မှု၊ ဒုသီလဖြစ်မှုသည် ပုဂ္ဂိုလ်နှင့်သာဆိုင်ပြီး သံဃာနှင့်မဆိုင်ချေ။ သံဃာတွင် ဒုသီလဟူ၍မရှိချေ။ သံဃာဟူရာ၌ အရိယာသံဃာ၊ သမ္မုတိသံဃာ အကုန်လုံးပါဝင်လေသည်။

သို့ဖြင့် သံဃိကဒါန ခုနစ်မျိုးကိုလည်း လေ့လာမှတ်သားရပေမည်။ ထိုခုနစ်မျိုးမှာ-

၁။ ဘုရားအမှူးရှိသော သံဃာကုန်လှူသော သံဃိကဒါန၊

၂။ ဘုရားမရှိသည့်နောက် သာသနာတော်အတွင်း၌ဘိက္ခု၊ ဘိက္ခုနီ သံဃာကုန်လှူသော သံဃိကဒါန၊

၃။ သာသနာတော်အတွင်း၌ ဘိက္ခုသံဃာကုန်လှူသော သံဃိက ဒါန

၄။ သာသနာတော်အတွင်း၌ ဘိက္ခုနီသံဃာကုန်ဟူသော သံဃိကဒါနတို့ဖြစ်သည်။

ဤလေးမျိုးမှာ အကုန်လုံးမတတ်နိုင်သည့်အခါ သာသနာအတွင်းရှိ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဖက်သံဃာကုန်၊ ဘိက္ခုဘက် သံဃာကုန်၊ ဘိက္ခုနီဘက် သံဃာကုန်ကို လှူလိုပါသည်။ သံဃာ့ကိုယ်စား တစ်ပါးနှစ်ပါးစသဖြင့် ညွှန်ချစေလွှတ်တော်မူပါဟု လျှောက်ထား၍လည်း သံဃိကဒါနကို လှူနိုင်သည်။

၁။ ဘိက္ခု၊ ဘိက္ခုနီ နှစ်ဖက်အတွက် သံဃာ့ကိုယ်စား ညွှန်းချစေလွှတ်အပ်သောပုဂ္ဂိုလ်၌ လှူအပ်သော သံဃိကဒါန။

၂။ ဘိက္ခုဘက်အတွက် သံဃာ့ကိုယ်စား ညွှန်းချစေလွှတ်အပ်သော ပုဂ္ဂိုလ်၌လှူအပ်သော သံဃိကဒါန။

၃။ ဘိက္ခုနီဘက်အတွက် ညွှန်းချစေလွှတ်အပ်သောပုဂ္ဂိုလ်၌ လှူအပ်သော သံဃိကဒါန။

ဤသို့ သံဃာကိုညွှန်း၍ လှူအပ်သော သံဃိကဒါန သုံးမျိုးဖြင့် သံဃိကဒါန ခုနစ်မျိုးရှိလေသည်။

ထို့ကြောင့် ထိုသံဃိကဒါန ခုနစ်မျိုးကိုလည်း အလှူဒါနနှင့် မကင်းနိုင်သည့် ဗုဒ္ဓဘာသာဝင်ပီပီ အကျေအညက် လေ့လာထားပြီး လှူတော့မည်ကြံလျှင် ရှေ့တန်းတင် ကြံရွယ်မိဖို့လိုကြောင်း တင်ပြလိုက်ရပေသည်။ ။

# ရွှေကျင်မြို့နယ်၌ သီတင်းကျွတ်လပြည့်နေ့တွင် ကောင်းမှုပြုသူများဖြင့် စည်ကား



**ရွှေကျင် အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ၁၃၈၇ ခုနှစ် သီတင်းကျွတ် လပြည့်နေ့တွင် ကောင်းမှုပြုသူများဖြင့် စည်ကားလျက် ရှိကြောင်း သိရသည်။

သီတင်းကျွတ် လပြည့်နေ့ ညနေ ၄ နာရီတွင် ရွှေကျင်မြို့နယ်လုံးဆိုင်ရာ မဟာပဝါရဏာပြုပွဲကို ပျဉ်းမပင်ရပ်ကွက်အတွင်းရှိ လေးထပ်ဘုန်းတော်ကြီး ကျောင်း၌ မြို့နယ်အတွင်းရှိဆရာတော်၊ သံဃာတော် အပါး ၉၀တို့အား ဌာနဆိုင်ရာများ၊ ဒေသခံ ပြည်သူများက သိမ်ဆင်း လောင်းလှူကြကြောင်း သိရသည်။

ဆက်လက်ပြီး ညနေ ၆ နာရီမှစ၍ သမိုင်းဝင် အရှေ့မဟာ ဗုဒ္ဓဘုရားကြီးတွင် ဒေသခံပြည်သူများက ဆီမီးတစ်ထောင် ဆက်ကပ်ပူဇော် လှူဒါန်းကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)** ■

# သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် တောင်တွင်းကြီးမြို့ရှိ စေတီပုထိုး၊ ဘုရားကျောင်းကန်များ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား



**မကွေး အောက်တိုဘာ ၇**

၁၃၈၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျ ရခိုင်စေတီတော်မြတ်ကြီးနှင့် ဇေယျမင်္ဂလာ ရွှေအင်းတောင် စေတီတော်၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့်အထူးစည်ကားလျက်ရှိသည်။

အဆိုပါ စေတီတော် ဝင်ရာလမ်း တစ်လျှောက်၌ မုန့်ဆိုင်တန်းများ၊ ကလေးကစားစရာပစ္စည်း အရောင်းဆိုင်များဖြင့် လည်ပတ်စားသောက်လျက်ရှိသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် အဆိုပါ တောင်တွင်းကြီးမြို့နယ်ရှိ ရှေးဟောင်း သမိုင်းဝင် ဗိမာန်လိုဏ်ဂူ စေတီတော်ကြီးတွင်လည်း ကုသိုလ်ကောင်းမှု ပြုသူများ၊ လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ရတနာပွင့်လှကန်တော်ကြီးတွင်လည်း မိသားစုလိုက် လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် ယခင်နှစ်များထက် စည်ကားလျက်ရှိကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

# မင်းဘူးမြို့ရှိ တန်ခိုးကြီးစေတီပုထိုးများနှင့် ဘုရားကျောင်းကန်များ၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကား



**မင်းဘူး အောက်တိုဘာ ၇**

၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် မကွေး တိုင်းဒေသကြီး မင်းဘူးမြို့ရှိ ရှေးဟောင်း သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲဘုရား၊ ဓာတ်တော်ကုန်းဘုရား၊ ရှင်မင်းဘူးဘုရား၊ ကြောင်လိန်ဘုရားတို့တွင် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ကျောင်းကန်ဘုရားများ၊ တန်ခိုးကြီး စေတီ ပုထိုးများတွင် စည်ကားလျက်ရှိသည့်အပြင် နဂါးပွက် တောင်တို့တွင်လည်း လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ထို့အပြင်ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဝတ်ကျောင်းများ၊ ဓမ္မာရုံများတွင် ဥပုသ်သီလဆောက်တည်သူ၊ ပဋ္ဌာန်းမြတ် ဒေသနာ ရွတ်ဖတ်ပွားများ ကုသိုလ်ယူသူများဖြင့် ယခင်နှစ်များထက် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မင်းတပ်လမ်း၊ မြေကွက်အမှတ်(၁၀၄၃/ခ)ဟုခေါ်တွင်သော ဦးပိုက်(KYN-၁၅၇၃၇၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား(၂၀x၆၀)ပေရှိ အိမ်မြေကို အမည်ပေါက်ကိုယ်တိုင်မှ လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသကြိန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၄၄)**
**ဖုန်း-၀၉-၄၂၇၄၁၁၁၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၌)ရပ်ကွက်၊ ဣန္ဒာ(၉)လမ်း၊ အမှတ်(၁၀၄၃ ½ +၁၀၄၄ ½ )ခေါ်တွင်သော မြေအမျိုးအစား နှစ်(၆၀)ဂရန်၊ အလျား(၄၀)ပေ x အနံ(၆၀)ပေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၏(၆)ထပ်တိုက် တိုက်ခန်း(၁၂)ခန်းပါဝင်သော အဆောက်အအုံရှိ လမ်းကိုမျက်နှာမူလျှင် လက်ယာဘက်အခြမ်း၊ အလျား(၁၉)ပေ x အနံ(၅၄)ပေ ကျယ်ဝန်းသည့် (၅)လွှာ စတုတ္ထထပ်တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုအပိုင်ရောင်းချသူ ဒေါ်ခင်မြလွင်[၈/ခမန(နိုင်)၁၀၆၅၉၀]ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး၊ တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သူဇာထွန်း [၁၂/ဥကမ(နိုင်)၂၀၅၈၁၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**MPA(Executive), D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း-09-260087755, 09-421123477**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာ၊ ထိန်စွန်း(၇)လမ်း၊ ကွင်းအမှတ်(၅၂၁-ဘီ)၊ ကိုးလုံးကွင်းအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၃၀/၅၇)၊ (၃၀/၅၈)၊ (၃၀/၅၉)၊ ဧရိယာ(၀.၄၈)ဧကအနက်မှ (၅၃x၉၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်မွှေးလေး[၉/ကပတ(နိုင်)၀၀၆၁၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်နွေးခိုင်[၁၂/စခန(နိုင်)၀၆၃၆၈၂]က အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်နွေးခိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၄)**
**၁/ရ(၅)လမ်း၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၀၃၀၆၈၇**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အမှတ်(၄၀၈)ဟုခေါ်တွင်သော (၂၂ပေ x ၆၀ပေ)အကျယ်ရှိ ဒေါ်ခင်မြင့်ငြိမ်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတည်း(၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅)လွှာ၊ (၁၈ပေx ၅၄ ပေ)အကျယ်ရှိ တိုက်ခန်းဥပစာနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာ ဦးလှမြင့်[၁၄/အမန(နိုင်)၁၇၀၀၉၅]နှင့် မြေရှင် ဒေါ်ခင်မြင့်ငြိမ်း[၁၂/ဒဂမ(နိုင်)၀၁၃၈၃၉]တို့ ပြုလုပ်ချုပ်ဆိုထားသော(၁၄-၆-၂၀၂၄)ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် အဆောက်အဦ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ မြေရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်အရ ယခုရောင်းချသူဖြစ်သော ကန်ထရိုက်တာ ဦးလှမြင့်[၁၄/အမန(နိုင်)၁၇၀၀၉၅]က လက်ဝယ်ရရှိ ပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သဇင်လွင်[၁၂/ရပသ(နိုင်)၀၅၂၂၆၇]က ဝယ်ယူရန် တိုက်ခန်းဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **LL.B, DBL, DIL, MA (Business Law)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၅၉၅)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၄၅၉၃၀၃၁၆၀** |

**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

### ❂ ပီအက်စ်ဂျီအသင်းမှ

ဘတ်ပီရဲ့ သွင်းဂိုးရရှိခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ လိုင်လီအသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်သာထွက်ပေါ်ခဲ့ပေမယ့် ပြင်သစ်ပထမတန်းပွဲစဉ် (၇) အပြီးမှာ ရမှတ် ၁၆ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။

လိုင်လီအသင်းကတော့ ပီအက်စ်ဂျီအသင်းနဲ့ ပွဲစဉ်မှာသရေတစ်မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာကြောင့် ပြင်သစ်ပထမတန်းပြိုင်ပွဲ ပွဲစဉ်(၇) အပြီးမှာ ရမှတ်၁၁ မှတ်နဲ့အမှတ်ပေးဇယား အဆင့် (၇) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ ရွှေဗဟိုလမ်း၊ မြေကွက်အမှတ်(၁၄၇၂/ခ)၊ (အလျား၂၀ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးချစ်ခိုင် အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ဒွေးကြည်[၁၂/ဥကတ(နိုင်)၁၀၉၉၆၄](S/OKA-၀၂၃၇၀၆)မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေစုလှိုင်[၇/ညလပ(နိုင်)၁၅၇၁၅၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးမင်းလမ်း၊ မြေကွက်အမှတ်(၁၁၂၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ မျက်နှာမူညာဘက်ခြမ်း ၊ ခြေရင်းအခန်း၊ ပဉ္စမထပ်(၆-လွှာ)၊ ဧရိယာ(၁၇. ၅x၅၁)ပေ အကျယ်အဝန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်မီတာ အစရှိသော ယင်းတိုက်ခန်းနှင့် ဆက်နွယ်ပတ်သက်နေသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၃-၂-၂၀၂၄)ရက်စွဲပါ ကန်ထရိုက်တာနှင့် မြေရှင်တို့ နှစ်ဦးသဘောတူ ချုပ်ဆိုသောစာချုပ်အရ ကန်ထရိုက်တာဖြစ်သော ဦးဝေမျိုးအောင်၊ မန်နေဂျင်းဒါရိုက်တာ၊ Naviland Construction Co.,Ltd (ဘ) ဦးမျိုးသန်း[၁၂/မဂတ(နိုင်)၀၈၈၂၀၆]မှ ခွဲဝေရရှိသော တိုက်ခန်းဖြစ်ပြီး ပြန်လည်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ကန်ထရိုက်တာမှ ကြိုပွဲ့ငွေစနစ်ဖြင့် အပြီးအပိုင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ယခုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများယူဆောင်၍ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်မွန်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၈၀)**
**အမှတ်(၁၈၉)၊ ဦးဝိစာရလမ်း၊ (၄၂)တိုးချဲ့ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။**
**ဖုန်း-၀၉-၄၅၅၅၆၅၅၃၄၊ ၀၉-၉၅၅၁၃၅၅၁၆**

## ဒေါ်ဖြူဖြူကျော်[၁၁/ရဗန(နိုင်)၀၅၃၈၀၉] နှင့် အများသိစေရန် ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်ရှိ ဦးသက်ထွန်း[၁၂/မဂဒ(နိုင်)၀၅၃၁၄၇]အမည်ဖြင့် မြို့သစ်စီမံကိန်းတွင် ပြန်လည်နေရာချထားပေးသည့် အုပ်စု(RA)-RA-2၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၁၅၁)၊ အကျယ်အဝန်း ဧရိယာ(၁၀၀ ပေx၁၀၀ ပေ)၊ (၁၀,၀၀၀)စတုရန်းပေ၊ ယာယီမြေပေးမိန့်အမှတ်(၄၄၉၁/၂၀၂၀)ကို **(၅-၁-၂၀၂၁)ရက်စွဲပါ "မြေလုပ်ပိုင်ခွင့်အား လွှဲပြောင်းရောင်းချခြင်းစာချုပ်"** ဖြင့်လည်းကောင်း၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၁၅၂)၊ အကျယ်အဝန်း ဧရိယာ(၁၀၀ ပေ x ၁၀၀ ပေ)၊ (၁၀,၀၀၀)စတုရန်းပေ၊ ယာယီမြေပေးမိန့်အမှတ်(၄၄၉၂/၂၀၂၀)ကို **(၅-၁-၂၀၂၁)ရက်စွဲပါ "မြေလုပ်ပိုင်ခွင့်အား လွှဲပြောင်း ရောင်းချခြင်းစာချုပ်"** ဖြင့်လည်းကောင်း၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၁၅၃)၊ အကျယ်အဝန်း ဧရိယာ(၁၀၀ပေx၁၀၀ပေ)၊ (၁၀,၀၀၀)စတုရန်းပေ၊ ယာယီမြေပေးမိန့်အမှတ်(၄၄၉၃/၂၀၂၀)ကို **(၅-၁-၂၀၂၁)ရက်စွဲပါ "မြေလုပ်ပိုင်ခွင့်အား လွှဲပြောင်းရောင်းချခြင်းစာချုပ်"** ဖြင့်လည်းကောင်း၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၁၅၄)၊ အကျယ်အဝန်း ဧရိယာ(၁၀၀ ပေ x ၁၀၀ ပေ)၊ (၁၀,၀၀၀)စတုရန်းပေ၊ ယာယီမြေပေးမိန့်အမှတ်(၄၄၉၄/၂၀၂၀)ကို **(၅-၁-၂၀၂၁)ရက်စွဲပါ "မြေလုပ်ပိုင်ခွင့်အား လွှဲပြောင်း ရောင်းချခြင်းစာချုပ်"** ဖြင့်လည်းကောင်း၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၁၅၅)၊ အကျယ်အဝန်း ဧရိယာ(၁၀၀ပေx၁၀၀ပေ)၊ (၁၀,၀၀၀)စတုရန်းပေ၊ ယာယီမြေပေးမိန့်အမှတ်(၄၄၉၅/၂၀၂၀)ကို **(၅-၁-၂၀၂၁)ရက်စွဲပါ "မြေလုပ်ပိုင်ခွင့်အား လွှဲပြောင်းရောင်းချခြင်းစာချုပ်"** ဖြင့်လည်းကောင်း၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၁၅၆)၊ အကျယ်အဝန်းဧရိယာ(၁၃၀ပေx၁၀၀ပေ)၊ (၁၃,၀၀၀)စတုရန်းပေ၊ ယာယီမြေပေးမိန့်အမှတ်(၄၄၉၆/၂၀၂၀)ကို **(၅-၁-၂၀၁၉)ရက်စွဲပါ "မြေလုပ်ပိုင်ခွင့်အား လွှဲပြောင်းရောင်းချခြင်းစာချုပ်"** ဖြင့်လည်းကောင်း၊ အကွက်အမှတ်-(တ-၀၆)၊ မြေကွက်အမှတ်(၀၁၅၇)၊ အကျယ်အဝန်းဧရိယာ(၆၆ ပေ ၁ လက်မ x ၁၀၀ ပေ) (၆.၆၁၀)စတုရန်းပေ၊ ယာယီမြေပေးမိန့်အမှတ်(၄၄၉၇/၂၀၂၀)ကို**(၅-၁-၂၀၁၉)ရက်စွဲပါ"မြေလုပ်ပိုင်ခွင့်အား လွှဲပြောင်းရောင်းချခြင်းစာချုပ်"** ဖြင့်လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မွန်ဦးက ယာယီမြေပေးမိန့်များတွင် အမည်ပေါက်သူ ဦးသက်ထွန်း[၁၂/မဂဒ(နိုင်)၀၅၃၁၄၇]ထံမှ လက်ဝယ်-လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်များဖြစ်ပါသည်။ ဒေါ်ခင်မွန်ဦးက လက်ဝယ်-လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်များနှင့်ပတ်သက်၍ အထက်ဖော်ပြပါ မြေကွက်များနှင့်တကွ ယာယီမြေပေးမိန့်မူရင်းများ၊ အရောင်းအဝယ်စာချုပ်မူရင်းများ လက်ဝယ်တွင်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းသာလျှင် အထက်ဖော်ပြပါ မြေကွက်များကို ပိုင်ဆိုင်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ အရောင်းအဝယ် ဆက်လက် ဆောင်ရွက်ခွင့်မရှိကြောင်းနှင့် အကယ်၍ အရောင်းအဝယ် ဆက်လက် ဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မွန်ဦး[၇/ကတခ(နိုင်)၁၁၆၇၇၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုရီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၉၂)**
**Ph:09-664297695**

❖ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်လို...

❖ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်လို...

❖ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal – AWPT ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ရန်ကုန်မြို့၌ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၇

နိုင်ငံတော် အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၃၄၃၈ ကီလိုဂရမ်၊ ကတ်တမင်း ၂၁၉၈ ကီလိုဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✻



လှည်းကူးမြို့နယ် လှည်းကူး – ဖောင်ကြီးလမ်းမပေါ်နှင့် ထန်းတပင်မြို့နယ် နေအိမ်တို့၌ ဖမ်းဆီးရမိသည့် တရားခံများနှင့် မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။

### ယနေ့ ဖတ်စရာ

ပြောင်းလဲလာသော ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှု

ဆောင်းပါး စာမျက်နှာ » ၂၃

သီတင်းကျွတ်ကာလတွင် ပုဂံသို့ ယမန်နှစ်ထက် ခရီးသွားများ ပိုမိုဝင်ရောက်

စာမျက်နှာ » ၂၅

## ပထမဆုဖလားဆွတ်ခူးရရှိခဲ့သည့် မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်းတာဝန်ရှိသူများနှင့် အားကစားဝါသနာရှင် ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ရန်ကုန် အောက်တိုဘာ ၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် Lincang မြို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၇ ရက် အထိ ကျင်းပခဲ့သည့် သုံးနိုင်ငံဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြန်မာ(ISPE FC) အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ❍



လိုင်လီအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ပီအက်စ်ဂျီအသင်း ဇယားထိပ်၌ ဆက်လက်ရပ်တည်

ပီအက်စ်ဂျီအသင်းဟာ အောက်တိုဘာ ၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းပြိုင်ပွဲ ပွဲစဉ် (၇) မှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

လိုင်လီအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၆ မိနစ်မှာ ပီအက်စ်ဂျီအသင်းက မန်ဒက်စ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပြီး လိုင်လီအသင်းက ဒုတိယပိုင်းပွဲကစားချိန် ၈၅ မိနစ်မှာ

စာမျက်နှာ ၂၈ ကော်လံ ၄ သို့ ❂